# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 February 2022 ၁၀၆၄၁


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ်အတွင်း ရန်ကုန်-စစ်တွေ လမ်းပေါ်ရှိ ရာမောင်တံတားဖွင့်ပွဲ ကျင်းပ

## ရာမောင်တံတားသစ်ကို အသုံးပြု၍ မောင်တောမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်စည်များ အလွယ်တကူတင်ပို့နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ရန်ကုန်-စစ်တွေသွားကားလမ်းပေါ်တွင် အသစ်တည်ဆောက်ပြီးသည့် ရာမောင်တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြောက်ဦးခရိုင် မင်းပြားမြို့နယ်တွင်ရှိပြီး ၁၂၈၃ ဒသမ ၃ ပေရှည်သည့် ရာမောင်တံတားကို ရခိုင်ပြည်နယ်၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတစ်ဦးတို့က ရာမောင်တံတားသစ်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ယနေ့ ဖတ်စရာ**

**စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြပါစို့**



ဆောင်းပါး စာမျက်နှာ » ၈

**ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များမှ ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် ပေးထားချက်များအပေါ် ခံယူယုံကြည်မှု**

စာမျက်နှာ » ၁၀

**ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများ ဖွင့်လှစ်မည့် ကြေညာချက်**

စာမျက်နှာ » ၁၁

**မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ ဘုရားပွဲတော် ဓလေ့ရိုးရာ**



ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# ပြည်သူလူထုကျန်းမာရေး အလေးထားဦးစားပေး

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည်မှာ နှစ်နှစ်ကျော်ကာလ ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံရှိ ပြည်သူအများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးစေသည်သာမက ရောဂါဖြစ်ပွားသည့် ကာလအတွင်း ပြည်သူငါးသိန်းကျော် ရောဂါကူးစက်ခံခဲ့ရပြီး ထိခိုက်သေဆုံးသူပြည်သူ နှစ်သောင်းနီးပါးရှိခဲ့ပါသည်။

ထို့ကြောင့် "လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဆိုသည့် မူဝါဒကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချမှတ်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှိသည့်ခွန်အား စွမ်းပကားများနှင့် နည်းလမ်းပေါင်းစုံဖြင့် နေ့မနားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ရင်ဆိုင်နိုင်ခဲ့ပြီး တတိယလှိုင်းကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ မြန်မာနိုင်ငံတွင် အနိမ့်ဆုံးအဆင့်အနေဖြင့် စိတ်သက်သာစွာ နေရသော်လည်း ရောဂါမျိုးကွဲအန္တရာယ်ကို သတိထားဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်က ကမ္ဘာတွင်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဖြစ်သည့် ရောဂါကူးစက်မှု အမြင့်ဆုံးကာလ ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်များတွင် တစ်ရက်လျှင် ပျမ်းမျှ ပိုးတွေ့ဦးရေ ၅၀၀၀ ကျော်( ၄၁ ရာခိုင်နှုန်း)အထိ ဖြစ်ပွားခဲ့သည်။ ကိုဗစ်တတိယလှိုင်း စတင်ဖြစ်ပွားသည့်ကာလတွင် နိုင်ငံရေးဝါဒမှိုင်းမိမှုကြောင့် တစ်နိုင်ငံလုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန် တစ်သောင်းခွဲခန့်နှင့် ကျန်းမာရေးဝန်ထမ်း တစ်သိန်းကျော်ရှိသည့်အနက် အချို့ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများမှာ လုပ်ငန်းခွင်ကိုစွန့်ခွာသွားသည့်အတွက် ဆေးရုံ၊ ဆေးခန်းအချို့ပိတ်ခဲ့ရပြီး ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို ထိခိုက်စေခဲ့သည်။

အဆိုပါကာလတွင် တာဝန်သိဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများသည် လူနာများကို မစွန့်ခွာဘဲ အခက်အခဲများကြားမှ နိုင်ငံတော်နှင့်ဆေးပညာအပေါ် သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်အနေဖြင့်လည်း ယင်းတာဝန်သိ သစ္စာရှိသော ကျန်းမာရေးဝန်ထမ်းများအား အသိအမှတ်ပြုသောအားဖြင့် ငွေကျပ် ၁၀ ဒသမ ၉၄ ဘီလီယံ ဆုချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လိုအပ်နေသောနေရာများ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားကျန်းမာရေးဝန်ထမ်းများ၊ အငြိမ်းစားတပ်မတော်ဆရာဝန်များကလည်း များစွာအကူအညီပေးခဲ့သည်။

အစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီအစည်းအဝေး ၁၃ ကြိမ်ကျင်းပ၍ ပြည်သူ့ဆေးရုံများ၌ ဆေးဝါးလိုအပ်ချက် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဆေးဝယ်ယူရေးအတွက် ငွေကျပ် ၃၀၀ ဘီလီယံ လျာထားပေးခဲ့သည်။ ထို့အပြင် စောင့်ကြည့်ကုသရေးဆေးရုံ၊ ဆေးခန်းတက်ရောက်သူများ ကျွေးမွေးစရိတ်၊ ကိုဗစ်- ၁၉ ရောဂါလူနာများအတွက် လိုအပ်သည့် အောက်ဆီဂျင်နှင့်ပတ်သက်သည့်စရိတ် စသည်ဖြင့် ကျန်းမာရေးလိုအပ်ချက်များကို ကျပ်ငွေဘီလီယံပေါင်း မြောက်မြားစွာအသုံးပြုစေခဲ့ပါသည်။ ထိုကာလက နိုင်ငံအတွင်း ဆေးရုံ ၁၀၇၇ ရုံ၊ ဆေးပေးခန်း ၁၁၄၂၇ ခုရှိသည့်အနက် ဆေးရုံ ၇၆၅ ရုံ၊ ဆေးပေးခန်း ၇၄၃၀ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ ဆေးရုံ၊ ဆေးပေးခန်းများအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးသည် အရေးပါအကျိုးရှိ ထိရောက်သည့်ဆေးဝါးဖြစ်၍ ရောဂါစတင်ဖြစ်ပွားသည့်ကာလတွင် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေး သန်း ၃၀ ဝယ်ယူခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး နှစ်သန်းသာရရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ယူသည့်အခါတွင် အစမှပြန်လည်စတင်ဆောင်ရွက်ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး တန်ဖိုးရှိ ကာကွယ်ဆေးများဝယ်ယူခဲ့သည်။ တရုတ်၊ အိန္ဒိယ၊ ရုရှားနိုင်ငံများနှင့် နီပွန်ဖောင်ဒေးရှင်းမှ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၇ သန်းကျော် (အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ဖိုး)လှူဒါန်းမှုကို လက်ခံရရှိခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးအလေးထား၍ အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။**

**(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။**

**(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။**

**(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။**

**(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။**

## လူစီးနင်းမောင်းနှင်နိုင်သော တမန်းမွှေစက်တုံး သရုပ်ပြပွဲ ကြည့်ရှု

ရေတာရှည် ဖေဖော်ဝါရီ ၅



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ဖိုကြာညိုကျေးရွာအနီး ကွင်းအမှတ် ၆၅၇ က-ခ/ ၆၅၈ ကွင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၄ ဒသမ ၉ သန်းဖြင့် Dagon Complete Machinery Company က တာဝန်ယူဆောင်ရွက်လျက်ရှိသော စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သိန်းလွင်က စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နွေစပါးအတွက် လုပ်ငန်းလျာထားချက်မရှိသော်လည်း လက်ရှိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ နွေစပါးစိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စနစ်ကျလယ်ယာမြေဧက ၁၀၀ ကွင်းအတွင်း ရေသွင်းစိုက်ပျိုးရန် အသင့်ဖြစ်နေသော လယ်ကွက်၌ ရေတာရှည်မြို့ အမှတ် (၄၈) ထွန်စက်စခန်းကဦးစီး၍ လက်တွန်းထွန်စက်ငယ်ကို လူလိုက်ပါစီးနင်းမောင်းနှင်နိုင်သော တမန်းမွှေသည့်စက်တုံး မောင်းနှင်ခြင်း သရုပ်ပြပွဲကို ဆက်လက်ကြည့်ရှုခဲ့ရာ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးသန်းဦးက စက်ကိရိယာနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**

## ကသာမြို့၌ (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ကသာ ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကသာမြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပါဝင်၍ (၇၅) နှစ်မြောက်ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကသာမြို့နယ်စာရေးဆရာအသင်းကိုယ်စား စာရေးဆရာမ အေးမြသက်ထားနှင့် ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိအိဖြိုးတို့က ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားကိုယ်စားလှယ်ကြီးများအကြောင်းကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကသာမြို့နယ် စာရေးဆရာများအသင်းမှ စာရေးဆရာများ၊ ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စောကလျာနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းထွန်းမေ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်အိအိမွန် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

Land Mark အဖြစ် အခြားတံတားဒီဇိုင်းများနှင့်မတူဘဲ Steel Box Ginder Type ပုံစံဖြင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရာမောင်တံတားဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အဖြစ် ကျောက်စီပန်းချီကားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းထံ ပေးအပ်သည်။

ဆက်လက်၍ ရာမောင်တံတားသစ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းဆိုင်းဘုတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အဖွဲ့ဝင်များက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ရခိုင်ယဉ်ကျေးမှုအကအဖွဲ့နှင့် ရခိုင်စည်တော်အဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ရာမောင်တံတားသစ်ကြီးကို မင်းပြားမြို့နယ်အတွင်း လေးမြို့မြစ်ကို ဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၏ တံတားအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၁၂၈၃ ဒသမ ၃ ပေရှိ၍ ခန့်မှန်းစီမံကိန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀ ဒသမ ၀၀ သန်းဖြစ်သည်။ ယခုဖွင့်လှစ်သည့် ရာမောင်တံတားသစ်ကို အသုံးပြု၍ ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမှ စစ်တွေမြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသို့ လည်းကောင်း အလွယ်တကူသွားလာနိုင်မည်ဖြစ်သကဲ့သို့ မောင်တောမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်စည်များကို အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်သည်။ ထို့ပြင် မင်းပြားမှတစ်ဆင့် ပေါက်တောမြို့နှင့် မြေပုံမြို့တို့သို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ရခိုင်ပြည်နယ်နှင့် ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ရာမောင်တံတားသစ်ကြီးကမ္ပည်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မင်းပြားမြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ




**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ ဒေသခံပြည်သူများအား ရာမောင်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒေသအတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှု၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများကိုယ်စား ဒေသခံတစ်ဦးဖြစ်သူ ဦးမောင်စံကျော်နှင့် မြို့မိ/ မြို့ဖများက ဒေသ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ဆောင်ပစ္စည်းများ၊ အားကစားပစ္စည်းများကို မြို့နယ်မှတာဝန်ရှိသူများနှင့် တိုင်းရင်းသားခေါင်းဆောင်ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းလုပ်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေး စုပေါင်းလုပ်အားပေးကြသည်။

စုပေါင်းလုပ်အားပေးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် ၃၇၅ ဦးတို့က ဆေးရုံကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို စုပေါင်းလုပ်အားပေးခဲ့ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဇော်ထွန်းအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ ဆေးရုံအုပ်ကြီးက လက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ အကြော်စုံတို့ဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "တူယှဉ်နွဲပျော် ဂီတပွဲတော်" ဒုတိယအဆင့် စိတ်ကြိုက်သီချင်းသီဆိုမှုပြိုင်ပွဲ ကြည့်ရှုအားပေး






**ရန်ကုန် ဖေဖော်ဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာရှိ မြဝတီမီဒီယာစင်တာ၌ ပြုလုပ်သည့် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် "တူယှဉ်နွဲပျော် ဂီတပွဲတော်" ဒုတိယအဆင့် စိတ်ကြိုက်သီချင်းသီဆိုမှုပြိုင်ပွဲ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ပြိုင်ပွဲဝင်များ၊ အစီအစဉ်တင်ဆက်သူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့အား လက်ဆောင်များပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ယှဉ်ပြိုင်သီဆို

အဆိုပါဒုတိယအဆင့်ပြိုင်ပွဲတွင် တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန့်၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော်၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ MF09 စျာန်ထူး၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နု စုစုပေါင်း ၁၀ ဦးက ယှဉ်ပြိုင်သီဆိုခဲ့ကြပြီး The Ensemble တေးဂီတအဖွဲ့က တီးခတ်ပေးခဲ့ခြင်းဖြစ်သည်။

တူယှဉ်နွဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ အုပ်စုပြိုင်ပွဲများဖြစ်သော ပထမအဆင့်ပွဲစဉ်တွင် အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သည်။

ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အမှတ်ပေးမှုအပြင် ပရိသတ်များ အနေဖြင့် MPT နှင့် Mytel Sim Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်သည်။ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Card များမှ ကုတ်နံပါတ် "7522" သို့လည်းကောင်း၊ Mytel Sim Card များမှ ကုတ်နံပါတ် "7575"သို့ လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကိုရိုက်နှိပ်၍ ပေးပို့နိုင်ကြောင်း သိရသည်။

ပွဲစဉ်၏ နောက်ဆုံးနှစ်ပွဲကိုလည်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်း၏သဘောသည် တစ်ဦးတည်း ရပ်တည်ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်



**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာထွေးအောင်သည် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမ၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်တွင်း/ပြည်ပခရီးသွားများ အဆင်ပြေစွာ လာရောက်လည်ပတ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စီမံကိန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ပြုလုပ်သည့် မကွေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

### တိကျစွာလိုက်နာ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မကွေးမြို့ရှိ ဟိုတယ်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အတူယှဉ်တွဲပြီး လုပ်ငန်းများလုပ်ဆောင်တတ်ရန် ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်ရှိ ပုဂ္ဂိုလ်များအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးရန် လိုအပ်ကြောင်း၊ ပြည်သူလူထုပါဝင်သည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ ရေတို/ရေရှည် မဟာဗျူဟာများဖြင့် စနစ်တကျ လုပ်ကိုင်ပါက ခရီးသွားဧည့်သည်များ စိတ်ဝင်စားပြီး လာရောက်လည်ပတ်ခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း၏ သဘောသည် တစ်ဦးတည်း ရပ်တည်ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကွေးမြို့ရှိ ဟိုတယ်များအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ အတူတကွ ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့်အသိအမှတ်ပြု လက်မှတ်များပေးအပ်ရာ ဟိုတယ်များကိုယ်စား ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မကွေးဇုန်) ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသင်တန်းသို့ မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်များမှ ဝန်ထမ်းများ တက်ရောက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မန်းရွှေစက်တော် ဗုဒ္ဓပါဒပူဇနိယပွဲတော် မုခ်ဦးဆိုင်းဘုတ်ဖွင့်လှစ်ခြင်း၊ အောက်ခြေတော်ရာ အလင်းပေါက် ဖန်အုပ်ဆောင်းအား ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ မန်းရွှေစက်တော်ဘုရားကြီး ဓာတ်လှေကား တာဝါနှင့် စင်္ကြံလျှောက်လမ်းဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်း၊ သုံးထပ်သာသနာ့ဗိမာန်တွင် ရေစက်ချအခမ်းအနားနှင့် ဆင်စခန်း သုံးနှစ်ပြည့်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မင်္ဂလာဒုံ ဖေဖော်ဝါရီ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအရောက် ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် အထက (၈)၌ (၁၆)နှစ်အထက် ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မင်္ဂလာဒုံမြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်နှင့် ဒုမြို့နယ်ဦးစီးမှူး ဦးအောင်ဆင့်ဆင့်တို့ ဦးဆောင်သည့် ဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက်(၁၆)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်မည့် ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ် ၃၂ ကတ်ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် မြို့နယ်အတွင်းရှိ ကျောင်းများမှ အသက်(၁၆)နှစ်အထက် ကျောင်းသား ကျောင်းသူများကို ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ဉာဏ်ဟိန်း**



# ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးအောင်မျိုးနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် စစ်တွေ-ပလ္လင်ပြင် လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လမ်းစခန်းတွင်ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားများကောင်းမွန်ရန်လိုကြောင်း၊ ကွန်ကရစ်ခင်းရာတွင် သတ်မှတ်အရည်အသွေးပြည့်မီရန်လိုအပ်ကြောင်း မှာကြားပြီး ကွန်ကရစ်ခင်းပြီး လမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။



စစ်တွေ-ပလ္လင်ပြင်ကွန်ကရစ်လမ်းသည် လမ်းအဆင့် Class A အမျိုးအစားတွင်ပါဝင်ပြီး ကွန်ကရစ်လမ်းနှစ်မိုင်ခုနစ်ဖာလုံ၊ ကျောက်ချောလမ်းလေးဖာလုံ၊ အမာခံလမ်း ခြောက်မိုင် သုံးဖာလုံ စုစုပေါင်းအရှည် ကိုးမိုင် ခြောက်ဖာလုံရှိပြီး အဆိုပါလမ်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၂၇၃ အိမ်နှင့် လူဦးရေ ၁၃၀၀ ကျော်ကိုအကျိုးပြုမည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း အဆောက်အအုံဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ အရည်အသွေးပြည့်မီရေး၊ ခိုင်ခန့်ရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာမှာ လေးခန်းတွဲလေးထပ်အဆောက်အအုံ လေးလုံး၊ အခန်းပေါင်း ၆၄ ခန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေ-ဝါဘိုချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး (P1) ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် မင်းဘူး-အမ်း-စစ်တွေလမ်းကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း တစ်မိုင်နှစ်ဖာလုံ ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအရည်အသွေး စံချိန်စံနှုန်းအတိုင်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည် ။ **သတင်းစဉ်**

# ၂၀၂၂ ပညာသင်နှစ် အဝေးသင် သင်တန်းများကျောင်းအပ်မှတ်ပုံတင်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ခြင်း**

၂၀၂၂ ပညာသင်နှစ်၌ တက္ကသိုလ်အသီးသီး၏ အဝေးသင် သင်တန်းများတွင် ဝိဇ္ဇာ၊ သိပ္ပံအထူးပြုဘာသာရပ်များဖြင့် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအပ်မှတ်ပုံတင်ခြင်းကို (၂၂-၂-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စာစဉ်ပို့ချချက်များကို (၂၄-၁-၂၀၂၂) ရက်နေ့မှ စတင်ပို့ချနေပြီဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း စာစဉ်များကိုတင်သွင်းရမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ပညာရေးဝန်ကြီးဌာန**


# စစ်ကိုင်းတိုင်းဒေသကြီး၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၅**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့် အတူ ဖေဖော်ဝါရီ ၃ ရက်မွန်းလွဲပိုင်းက မုံရွာခရိုင် ချောင်းဦးမြို့ ဧရိပ်မွန်(၂)အမျိုးသမီးပရဟိတဂေဟာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစက်ချုပ် သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ဧရိပ်မွန်(၂)အမျိုးသမီး ပရဟိတဂေဟာ ကျောင်းအုပ်ဆရာလေးထံ အလှူငွေကျပ် သုံးသိန်းအား ပေးအပ်လှူဒါန်းခဲ့သည်။



**ကြည့်ရှုအားပေး**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ပြီး သင်တန်းသူများ စက်ချုပ်နေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ချောင်းဦးမြို့ အနော်ရထာခန်းမတွင် ကျင်းပသော မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ ကာယဗလလက်ရည်စစ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) တွင်ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်ကာယဗလ မောင်/မယ်များ၏ ကာယဗလလက်ရည်စစ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင် အားကစားဝင်းရှိ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ကာယဗလလေ့ကျင့်ရေးစခန်း၌ကျင်းပသည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရေးဦးစွာ ကီလို ၇၀ အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၇၀ ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲ၊ ကာယဗလမောင်များ အလွတ်ပြိုင်ပွဲ၊ အမျိုးသမီးကာယဗလမယ်ပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး စုံတွဲပြိုင်ပွဲများကျင်းပရာ လက်ရွေးစင်အားကစားသမားများက ကိုယ်ဟန်ခုနစ်မျိုးဖြင့်လည်းကောင်း၊ တစ်ဦးချင်းစိတ်ကြိုက် ကိုယ်ဟန်အနေအထားဖြင့်လည်းကောင်း၊ ကျစ်လျစ်ကြံ့ခိုင်မှုကိုနောက်ခံ တေးဂီတဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်မြို့တော်ဝန်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင် ဒေါက်တာဇော်ဝင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေတို့က ပြိုင်ပွဲအလိုက်ဆုရရှိသည့် အားကစားသမားကာယဗလ မောင်/ မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး မြို့တော်ဝန်က အားကစားသမားကာယဗလမောင်/ မယ်များအား ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

အဆိုပါလက်ရွေးစင် ကာယဗလမောင်မယ်များသည် ဗီယက်နမ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မနက်ဖြန်နံနက်အထိခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ၌ ဆောင်ရွက်ပြီးစီးသော ကျေးလက်ရေပေးဝေရေးလုပ်ငန်း၊ အမြင့်တင်ရေစင်ဆောက်လုပ်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူဦးစောချန်ချန်၏ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း၊ နွားမွေးမြူရေးလုပ်ငန်းနှင့် အတိုးရငွေဖြင့် ကျေးရွာခန်းမတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုံးအိုင်-ကော့သံခါကျေးရွာ ကုန်ထုတ်လမ်း ၁ မိုင် ၂ ဖာလုံအား ၁၆ ပေအကျယ်၊ တစ်ပေခွဲဂဝံခင်းခြင်းနှင့် BOX Culvest (၂၂ ပေ x ၅ပေ x ၅ပေ)ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိန်းမလှကျွန်း-ကော့သံခါလမ်းပိုင်းတွင် ဒေသထွက်ကုန်စားဖိုဆောင်သီးနှံများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေကြသည့် တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ်သီးနှံထွက်ရှိမှု၊ ဈေးကွက်ဝယ်လိုအားနှင့် တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခြေအနေများကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မိန်းမလှကျွန်း-ကော့သံခါ ကျေးရွာ ကုန်ထုတ်လမ်း သုံးမိုင် ဂဝံခင်းခြင်းလုပ်ငန်းနှင့် တောကြီးကျေးရွာတွင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း (၈၅၀ပေx ၁၂ပေ x ၆လက်မ)တို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# (၇၅)နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး

**တောင်ကြီး ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုရှမ်းပြည်နယ်နေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

**သမိုင်းမှတ်တမ်းဝင်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယခုနှစ်တွင် ထူးထူးခြားခြား (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့နှင့် (၇၅)နှစ်မြောက်စိန်ရတု ရှမ်းပြည်နယ်နေ့တိုက်ဆိုင်မှုရှိသည့်အတွက် ဖေဖော်ဝါရီ ၇ ရက်တွင် ရှမ်းပြည်နယ်နေ့ ကျင်းပမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပေးပြီးဖြစ်ကြောင်း၊ စိန်ရတုအခမ်းအနားကို ရှမ်းပြည်နယ်တွင် သမိုင်းမှတ်တမ်းဝင်နေ့တစ်နေ့အဖြစ် ကျန်ရစ်ခဲ့ရန် ကော်မတီဝင်များက ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က (၇၅)နှစ်မြောက်စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းကော်မတီများဖြစ်သည့် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ပို့ဆောင်ရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ညစာစားပွဲနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီများမှ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး အထွေထွေဆွေးနွေးကာ လိုအပ်ချက်များအပေါ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်(၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား အောင်နိုင်ရေးအလံပေးအပ်

**ပုသိမ် ဖေဖော်ဝါရီ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အားကစားအသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ဂေါက်သီးရိုက်အသင်း၊ အေရိုးဗစ်အသင်း၊ အလေးမအသင်းနှင့် မြန်မာ့သိုင်းအသင်းတို့မှ အုပ်ချုပ်သူများက အသင်းဖွဲ့စည်းထားရှိမှုနှင့် ယှဉ်ပြိုင်ကြရန် အစီအစဉ်များပြုလုပ်ထားမှုများ၊ အားကစားသမားများရွေးချယ်ပုံများကို ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို သြဝါဒစကားပြောကြားပြီး အောင်နိုင်ရေးအလံများ အသီးသီးပေးအပ်ကာ ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ငွေကျပ် ငါးသိန်း၊ မြန်မာ့သိုင်းပြိုင်ပွဲအတွက် ငွေကျပ် ၁၈ သိန်း၊ အေရိုးဗစ်ပြိုင်ပွဲအတွက် ငွေကျပ် ခုနစ်သိန်း၊ အလေးမပြိုင်ပွဲအတွက် ၁၄ သိန်းတို့ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နောင်ခမ်းဆည်မှ ကဒူးမြောင်းရေသွင်းတံခါးအား ပြန်လည်ပြုပြင်

**ကျောက်ဆည် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည် မြို့နယ်တွင် နောင်ခမ်းဆည်မှ သီးနှံမျိုးစုံ ၂၂၃၁ ဧက ရေပေးဝေနေသည့် သံရွာကျေးရွာ အုပ်စု၊နောင်ခမ်းကျေးရွာအနီးရှိ ကဒူးမြောင်းရေသွင်းတံခါးအား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်း အကုန်အကျခံကာအမြင့် လေးပေ၊ အကျယ် သုံးပေ၊ ဒု နှစ်လက်မ အရွယ်အစားရှိ သံရေသွင်းတံခါး တစ်ချပ်နှင့် အလျား ၁၄ ပေ၊ အနံ ၁၇ ပေ၊ ဒု ကိုးလက်မရှိ ပျက်စီးနေသည့် ရေသွင်းတံခါးကွန်ကရစ် ကြမ်းပြင်ခင်းခြင်း၊ အရှည် ၇၈ပေ၊ အမြင့် ငါးပေ၊ ထု ကိုးလက်မရှိ မြောင်းနှုတ်ခမ်းဝဲ/ယာကျောက်စီခြင်း လုပ်ငန်းများဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးသွားပါက သီးနှံမျိုးစုံ ၂၂၃၁ ဧကအတွက် စိုက်ပျိုးရေများ ပေးဝေရာတွင် ရေစီးရေလာအဟန့်အတားမရှိ သတ်မှတ်ရေပမာဏပြည့်ဝစွာ ရေများ ပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သီးနှံများ စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးစွာဖြင့်စိုက်ပျိုးရေများပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် မြောင်းများပြန်လည်ပြုပြင်ခြင်း၊ ရေပေးပွန်များအသစ် ပြောင်းလဲတပ်ဆင်ပေးခြင်း၊ ရေကျအဆောက်အအုံများနှင့် ရေတံခါးများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



# တောင်တွင်းကြီးမြို့နယ် ပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၅**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသည့် ပဲကြီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းရန် သေချာလျက်ရှိကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**တင်း ၂၀ အထိထွက်**

မြေတစ်ဧကကို ပဲကြီးမျိုးစေ့ ခြောက်ပြည်ဝန်းကျင် ကြဲပက်ရကာ တစ်ဧကအထွက်နှုန်းအဖြစ် ၁၅ တင်းမှ တင်း ၂၀ အထိ ထွက်ရှိကြောင်း သိရသည်။

"မနှစ်က ပဲကြီးတစ်တင်းကို ၃၀၀၀၀ ဝန်းကျင်ပဲ ဈေးပေါက်တယ်။ ယခုလက်ရှိကတော့ ပဲကြီးတစ်တင်းကို ကျပ်၉၀၀၀၀ ဝန်းကျင် ဈေးပေါက်နေပါတယ်။ ပဲကြီးဈေးတွေတက်နေတော့ ကျွန်တော်တို့မြို့ရဲ့ ဒေသထွက်ဖြစ်တဲ့ ပဲခြမ်းကြော်နဲ့ ပဲလှော်တွေက အရင်က တစ်ပိဿာ ကျပ် ၃၀၀၀ ဝန်းကျင်လောက်ကနေ အခုဆိုရင် တစ်ပိဿာကို ၇၀၀၀ ဝန်းကျင်အထိ ဈေးပေါက်နေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

**အေးမိုးမိုးမြင့်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်





**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိမြို့မယဉ်ငေး ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သီရိမင်္ဂလာကြခတ်ဝိုင်း ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ အောင်သုခပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိမြို့နယ် ကိုးမြို့နယ်၌ ဒေသခံပြည်သူ ၂၀၅၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၁၈၃၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၁၅၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၈၉၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၉၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၇၁၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၈၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့၌ ကျောင်းသား ကျောင်းသူ ၄၉၂ ဦးတို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ပုစွန်ခြောက်၊ မျှင်ငါးပိနှင့် အာပြဲခြောက်ကို ထုတ်လုပ်လျက်ရှိ

**ဖျာပုံ ဖေဖော်ဝါရီ ၅**

ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဝင်ငွေရရှိနေသော ပုစွန်ခြောက်၊ မျှင်ငါးပိနှင့် အာပြဲခြောက်ကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ပင်လယ်ပြင်ကျားဖောင် လုပ်ငန်းမှ ရရှိလျက် တစ်နှစ်လျှင် ခြောက်လ ရေထွက်ကုန်များကို ဖမ်းဆီး ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည်လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ပင်လယ်ဆိပ်ကမ်း ၁၀ ခုမှ နေ့စဉ် ရေထွက်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းလျက်ရှိသည်။ ဖျာပုံခရိုင် ရေလုပ်ငန်း၏ အသက်သွေးကြောတစ်ခုဖြစ်သော ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းကို အောက်တိုဘာလမှ ဧပြီလအထိ ပင်လယ်ပြင်တွင် စက်လှေ၊ ဝါးဖောင်များဖြင့် ဖမ်းဆီးလျက်ရှိပြီး အင်္ဂလန်ကျားဖောင်လုပ်ငန်း၊ မျှောပိုက်လုပ်ငန်း၊ စိန်ပိုက်လုပ်ငန်းနှင့် ဘုံကျောင်းလုပ်ငန်းဟူ၍ ရေလုပ်ငန်းလေးမျိုးရှိရာ၌ အင်္ဂလန်ကျားဖောင်လုပ်ငန်းသည် အန္တရာယ်အများဆုံးနှင့် လုပ်သားအများဆုံးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ပင်လယ်ပြင်ရေသယံဇာတရှားပါးမှုကို ထိန်းချုပ်မှုအဖြစ် ဇွန်လမှ ဩဂုတ်လအထိ ငါးဖမ်းဆီးမှုကို ယမန်နှစ်က တားမြစ်ခဲ့ပြီး ရေသယံဇာတနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်မူတည်၍ ပင်လယ်ပြင်ကျားဖောင်ဖြင့် ငါး၊ ပုစွန်ဖမ်းဆီးမှုကို လည်း ငါးလုပ်ငန်းဦးစီးဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဖျာပုံခရိုင်တစ်ခုတည်း၌ ပင်လယ်ပြင်ကျားဖောင်လုပ်ငန်းရှိသည့်အတွက် ထွက်ရှိသော ပုစွန်ခြောက်နှင့် မျှင်ငါးပိကို ဒေသတွင်းနိုင်ငံအချို့နှင့် ထိုင်းနိုင်ငံ ရနောင်းသို့ လည်းကောင်း၊ မျှင်ငါးပိနှင့် အာပြဲခြောက်ကို အထက်မြန်မာပြည်နှင့် နယ်စပ်ဒေသများသို့ လည်းကောင်း နှစ်စဉ် တင်ပို့လျက်ရှိရာ ထုတ်လုပ်မှုထက် ဝယ်လိုအားများသည့်အတွက် ကျားဖောင်လုပ်ငန်းသည် ဖျာပုံခရိုင်၏ စီးပွားရေးအချက်အချာကျရာ လုပ်ငန်းတစ်ခုအဖြစ် အရေးပါလျက်ရှိသည်။

"ဖျာပုံခရိုင်မှာ ကပျက်ကျေးရွာ၊ နောင်မီှးကျေးရွာ၊ ဘုန်းကြီးသောင်ချောင်းဝကျေးရွာနဲ့ ဖျာပုံမြို့မဆိုပြီး အသင်းလေးသင်းရှိတယ်။ အဲဒီအသင်းလေးသင်းက ကျားဖောင်စက်လှေ ၂၀၅ စင်းရှိတယ်။ စက်လှေတစ်စင်းကို ကျားဖောင် ရှစ်စင်းထိ လုပ်ကိုင်ကြတယ်။ ပြည်တွင်းဈေးကွက်မှာ အသုံးပြုနေတဲ့ ရေငန်ပုစွန်တွေဟာ ဒီကျားဖောင်တွေက ဖမ်းဆီးရမိတာပါ။ ပြီးတော့ ငါးနက်ခြောက်လို့ခေါ်တဲ့ အာပြဲခြောက်နဲ့ မျှင်ငါးပိအပါအဝင် အဲဒီသုံးမျိုးကို အဓိကထားပြီး ထုတ်လုပ်ပါတယ်။ ရေလုပ်ငန်းဟာ ဖျာပုံခရိုင်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေတဲ့အပြင် ဒေသခံတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းကိုလည်း ပွင့်လန်းစေပါတယ်။ ရေလုပ်သားတွေအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနက ချမှတ်ထားတဲ့ အမိန့်ကြော်ငြာစာတွေကို လိုက်နာသွားမယ်ဆိုရင် ဒီလုပ်ငန်းဟာ သားစဉ်မြေးဆက်ဖွံ့ဖြိုးနေမှာပါ"ဟု ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်က ပြောကြားသည်။

ပင်လယ်ပြင်တွင် ကျားဖောင်ဖြင့် ငါး၊ ပုစွန်ဖမ်းဆီးရာ၌ ရေအနက် ၂၈ လံတွင် ဖမ်းဆီးလေ့ရှိသည်။ ပင်လယ်ပြင် ကျားဖောင်လုပ်ငန်းအတွက် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေစေသည့်အပြင် ကုန်းပေါ်သို့ပို့ဆောင်သည့် ရေထွက်ပစ္စည်းအတွက် အလုပ်အကိုင်များ ရရှိလျက်ရှိသည်။ ထိုင်းနိုင်ငံနှင့် အာဆီယံနိုင်ငံများသို့ ပုစွန်ခြောက်နှင့် မြန်မာ့မျှင်ငါးပိကို ဈေးကွက်တစ်ခုအဖြစ် လက်ခံစားသုံးလျက် ပြည်တွင်းအခြေခံစားသောက်ကုန်အဖြစ်လည်း အထောက်အပံ့ရရှိလျက်ရှိရာ အဆိုပါရေထွက်ကုန်သုံးမျိုးကို ဖျာပုံခရိုင်ပင်လယ်ပြင် ကျားဖောင်လုပ်ငန်းမှ ဖမ်းဆီးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား

# စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြပါစို့

ငြိမ်းချမ်းမောင်



ဒီမိုကရေစီအမည်ခံ အကြမ်းဖက်သမားများက လောက်ကိုင်မြို့ရှိ ဈေးဆိုင်များအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

**"တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ပါသည်"**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှ ဒီမိုကရေစီနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီ၏ အဓိပ္ပာယ်၊ အနှစ်သာရ၊ တန်ဖိုး၊ စံနှုန်းများကို သိရှိနားလည်ထားသင့်ပါသည်။ သို့မှသာ ဒီမိုကရေစီ ခရီးလမ်းကို လျှောက်လှမ်းရာ၌ အနှစ်သာရပြည့်ဝစွာဖြင့် ဖြောင့်ဖြောင့်တန်းတန်း ၊ မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ် နေထိုင်၊ လွတ်လွတ်လပ်လပ် ပြောဆို၊ လွတ်လွတ်လပ်လပ် လုပ်ကိုင်၊ မိမိတို့၏ ဆန္ဒနှင့်အညီ လွတ်လွတ်လပ်လပ် မဲပေးကြရသည်တို့ကိုသာ များသောအားဖြင့် နားလည်ထားကြပါသည်။

ဒီမိုကရေစီဟူသော စကားရပ်သည် ရှေးဟောင်း ဂရိစကားလုံး Demo (ပြည်သူလူထု)နှင့် Kratos(အာဏာ)မှ ဆင်းသက်လာသည်ဟု သိရသည်။ ပြည်သူများ အာဏာပိုင်စိုးသော စနစ်ကို ခေါ်ဆိုသည်။ လုပ်သားပြည်သူ/တိုင်းသူပြည်သားနှင့် အာဏာ/အာဏာပိုင်စိုးမှုကို ပေါင်းစည်းဖွင့်ဆိုသော် ပြည်သူအများ စုပေါင်းပါဝင်ပြီး အာဏာပိုင်စိုးသောစနစ်ဟု ဆိုပါသည်။ ဒီမိုကရေစီကို အနှစ်ထုတ်လျှင် ပြည်သူ့ထံမှ ဆင်းသက်လာသော အာဏာကို ပြည်သူတို့အတွက် ပြည်သူတို့ထံသို့ ပြန်လည်စီးဆင်းစေခြင်းပင် ဖြစ်သည်။

ဤသည်မှာ ဒီမိုကရေစီ အဖွင့်သဘောတရားဖြစ်ပြီး ဒီမိုကရေစီကို လက်တွေ့ အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော စံနှုန်းများရှိပါသည်။

ဒီမိုကရေစီဟူသော ဝေါဟာရကို သိရှိနားလည်သည့်အပြင် ဝိသေသပြုသည့် အနှစ်သာရရှိသော စံနှုန်းများနှင့် တွဲဖက်မှသာ ပို၍အဓိပ္ပာယ်ရှိပြီး အသုံးဝင်ထိရောက်မှုကို ဖြစ်စေနိုင်ပါသည်။ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်၊ သာတူညီမျှ ရှိစေရမည်၊ နိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိရမည်၊ တာဝန်ယူမှုရှိရမည်၊ ရိုးသားပွင့်လင်းမှုနှင့် ထင်သာမြင်သာ ရှိစေရမည်၊ ပုံမှန်လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးချယ်တင်မြှောက်ခွင့်ရှိရမည်၊ စီးပွားရေး လွတ်လပ်ခွင့်ရှိရမည်၊ အာဏာအလွဲသုံးစားလုပ်မှုများ၊ မတော်မတရား အသုံးပြုမှုများကို ထိန်းချုပ်ရမည်၊ လူ့အခွင့်အရေး ကြေညာစာတမ်းများ ထုတ်ပြန်ထားရှိရမည်၊ လူ့အခွင့်အရေး ထိန်းသိမ်းရမည်၊ ပါတီစုံစနစ် ကျင့်သုံးရမည်၊ ဥပဒေကို လေးစားလိုက်နာရမည်။ ယင်းတို့သည် ဒီမိုကရေစီစံနှုန်းများဖြစ်ပါသည်။




မရမ်းကုန်းမြို့နယ် သမိုင်းနယ်မြေ မီးသတ်စခန်းအား အကြမ်းဖက်ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

**(၁) နိုင်ငံသားတိုင်း ပါဝင်ခွင့်**

နိုင်ငံသားတိုင်းသည် သက်ဆိုင်ရာ နိုင်ငံအလိုက် ဒီမိုကရေစီပုံစံဖြင့် ကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။ အကြောင်းကိစ္စတစ်ခုခုကို ပြုလုပ်တော့မည်ဆိုလျှင် မိမိတို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံသားအများအတွက် အကျိုးဖြစ်စေနိုင်မှု ရှိ/မရှိ ဆင်ခြင်သုံးသပ်ကြရမည် ဖြစ်သည်။ နိုင်ငံသားများ အကျိုးရှိစေမည့်အသံကို နားထောင်ပြီး နိုင်ငံသားများအား ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမည်ဖြစ်သည်။

**(၂) သာတူညီမျှရှိမှု**

လူတိုင်းတွင် အနည်းနှင့် အများဆိုသလို အတ္တစိတ်များရှိကြသည်ဖြစ်ရာ အတ္တလွန်ကဲပြီး စိတ်ထင်တိုင်းပြုလုပ်ကြမည်ဆိုလျှင် ဆိုးကျိုးများ မလွဲမသွေ ခံစားကြရမည်ဖြစ်သည်။ နိုင်ငံသားများ၏ အကျိုးကိုမငဲ့ဘဲ မျက်ကွယ်ပြု လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် လွတ်လပ်ပြီး တရားမျှတသော ဒီမိုကရေစီစနစ် ဖြစ်လာနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မှန်ကန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လိုလျှင် တရားမျှတမှုရှိပြီး သမာသမတ်ကျသည့် တန်းတူညီမျှစိတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**(၃) သည်းခံစိတ်ထားရှိမှု**

သည်းခံခွင့်လွှတ်စိတ် ထားရှိနိုင်မှုသည် အလွန်မွန်မြတ်သော စိတ်ဓာတ်ဖြစ်သည်။ သည်းခံစိတ်သည် ယောနိသောမနသိကာရ ကျင့်စဉ်ဖြစ်သည်။ နိုင်ငံ့အရေးနှင့် နိုင်ငံသားများ အရေးအတွက် ဆောင်ရွက်ကြရာတွင် ဒီမိုကရေစီ ကြယ်ပွင့် ဘက်တော်သားတိုင်းတွင် ဒီမိုကရေစီနိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိကြရမည်ဖြစ်သည်။ ဆိုးယုတ်သော စိတ်ထားများကို ဖယ်ရှားရှောင်ကြဉ်ပြီး မွန်မြတ်သန့်ရှင်းသော စိတ်ဓာတ်များ မွေးမြူ၍ နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**(၄) တာဝန်ယူမှု**

လူတစ်ဦးချင်းစီတွင် မိမိတို့ လုပ်ဆောင်ကြရမည့် လုပ်ငန်းများအား ပြီးမြောက်စေရန်၊ ရလဒ်များ ကောင်းမွန်အောင် လုပ်ဆောင်ကြရမည် စသည်တို့ကိုသိရှိပြီး မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် တာဝန်ယူမှုများ ထားရှိရမည်ဖြစ်သည်။ တာဝန်ယူဆောင်ရွက်တတ်မှသာ ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်စေမည်ဖြစ်သည်။ တာဝန်ယူဆောင်ရွက်နိုင်မှု ရှိလေလေ အများယုံကြည်နိုင်မှု ပိုမိုရရှိလေဖြစ်သည်။

**(၅) ရိုးသားပွင့်လင်းမှု**

လုပ်ငန်းများကို ဦးစီးဦးဆောင် ပြုလုပ်သူများနှင့် ဝန်ထမ်းများကြားတွင် ထင်သာမြင်သာရှိပြီး ရိုးသားပွင့်လင်းမှု အပြန်အလှန်ရှိစေရမည် ဖြစ်သည်။ ထိုနည်းတူစွာ နိုင်ငံတိုင်းတွင်လည်း အထူးသဖြင့် ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံများတွင် နိုင်ငံသားများနှင့် နိုင်ငံသားများကိုယ်စားပြု အုပ်ချုပ်စီမံခန့်ခွဲကြသူများကြားတွင် ပွင့်လင်းမြင်သာမှု၊ ထင်သာမြင်သာရှိစေမှုသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ပြီး နိုင်ငံသားများနှင့် အစိုးရအကြားတွင် ယုံကြည်မှု မြဲမြံခိုင်မာစေမည်ဖြစ်သည်။

**(၆) ရွေးချယ်တင်မြှောက်ခွင့်ရှိမှု**

ဒီမိုကရေစီနိုင်ငံတိုင်းတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများကို **စာမျက်နှာ ၉ သို့** »»

> **ဒီမိုကရေစီကျင့်သုံးသော မည်သည့်နိုင်ငံမဆို စည်းနှင့် ကမ်းနှင့် ဥပဒေနှင့်အညီ ကျင့်သုံးနေကြရမည်ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ နေထိုင်လုပ်ကိုင်ကြသော နိုင်ငံများသည် ဒီမိုကရေစီနိုင်ငံ မဟုတ်ပေ။ ဒီမိုကရေစီနိုင်ငံ ဟုတ်သည်ဆိုသော်လည်း စည်းကမ်းမရှိသော ဒီမိုကရေစီနိုင်ငံသာ ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရကြသော်လည်း စည်းကမ်းဥပဒေကို လေးစားလိုက်နာကြရသည်။ စည်းကမ်းဥပဒေများကို လေးစားလိုက်နာကြသော ဒီမိုကရေစီနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းသူပြည်သားများ ငြိမ်းသာယာဝပြောစွာဖြင့် စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်နေကြသည်ကို တွေ့ရမည်ဖြစ်**

»»» **စာမျက်နှာ ၈ မှ**

လေးနှစ် တစ်ကြိမ်(သို့မဟုတ်) ငါးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်ကြသည်။ ထိုသို့ ရွေးချယ်မှုမျိုးတွင် ပြည်သူလူထု၏ သဘောဆန္ဒများအတိုင်း လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပြီး တင်မြှောက်နိုင်ရမည်။ သတ်မှတ်ချိန်ကာလအတွင်း ဖွဲ့စည်းပုံအတိုင်း နေရာယူအုပ်ချုပ်ပြီး သတ်မှတ်ချိန် ကုန်ဆုံးသွားသောအခါ လွတ်လပ်ပြီး တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီး ပြည်သူလူထု ကြိုက်နှစ်သက်သော ကိုယ်စားလှယ်များအား ထပ်မံ ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။

**(၇) စီးပွားရေးလွတ်လပ်မှု**

နိုင်ငံများတွင် စီးပွားရေးကို သက်ဆိုင်ရာ နိုင်ငံအစိုးရများက ထိန်းချုပ်မှုများ ပြုလုပ်သည့်အခါ မလိုလားအပ်သော ကုန်ဈေးနှုန်းများ တက်လာခြင်း၊ အကျင့်ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ဒီမိုကရေစီနှင့် တွဲဖက်ပြီး ဖော်ဆောင်ရမည့် စီးပွားရေးစနစ်ကို လွတ်လပ်ပွင့်လင်းသော စီးပွားရေးစနစ်အဖြစ် ဖော်ဆောင်ကြသည်။ လွတ်လပ်သော ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီကို ယှဉ်တွဲကျင့်သုံးနိုင်မှသာလျှင် နိုင်ငံတော်၏ စီးပွားရေး အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။

**(၈) အလွဲသုံးစားမှုကို ထိန်းချုပ်**

အာဏာအသုံးချမှု လွဲမှားလျှင် ခြစားမှုများ၊ မတော်မတရားမှုများ ဖြစ်လာနိုင်သည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်နှစ်ရပ်၏ သဘောထားအတိုင်းသာ လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လူတစ်ဦးတစ်ယောက်ထံတွင် အာဏာစုပုံမှုမျိုးမရှိရဘဲ မတရားမှုများ ပေါ်ပေါက်မည့်အခြေအနေများ ဖြစ်ပေါ်လာလျှင် လွှတ်တော်အဆင့်ဆင့်မှ ထိန်းချုပ်ရမည်ဖြစ်သည်။ ထိန်းချုပ်နိုင်စေရမည်ဖြစ်သည်။

**(၉) လူ့အခွင့်အရေးထားရှိမှု**

ဒီမိုကရေစီစနစ်တွင် မွေးရာပါ လူ့အခွင့်အရေးများ ပါရှိထားပြီးဖြစ်၍ ဒီမိုကရေစီအစိုးရများသည် နိုင်ငံသားများ၏ အခွင့်အရေးများကို ထိန်းသိမ်းပေးရမည်ဖြစ်သည်။ ဒီမိုကရေစီ မကျင့်သုံးသော နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူလူတန်းစားများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိလာနိုင်သည်။



အကြမ်းဖက်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့်ဆန့်ကျင်သော တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်းများကို လုပ်ကိုင်လျက်ရှိရာ မြင်းခြံမြို့နယ် အထက(၄)ရှိ အဆောက်အအုံတစ်လုံးအား မီးကွင်းပစ်ခတ်ခံရမှုကြောင့် မီးလောင်ဆုံးရှုံးပျက်စီးနေသည်ကို တွေ့ရစဉ်။

> **“ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အစပျိုးလျှောက်လှမ်းနေသော နိုင်ငံဖြစ်သည်။ အစပျိုးကာလတွင် ဒီမိုကရေစီစံနှုန်းများကို ဖောက်ဖျက်ခဲ့ကြသည့်အပြင် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်သည့် တိုင်းပြည်ပျက်စီးရေး လုပ်ရပ်များကိုပါ လုပ်ကိုင်လာကြသည်ကို ပြည်သူများအားလုံး ကိုယ်တိုင်ကြုံတွေ့ခံစားနေကြရပြီဖြစ်သည်။ တိုင်းပြည်ဖျက်ဆီးရေးမှသည် တိုင်းပြည်ပြိုကွဲပျက်စီးခြင်းမဖြစ်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီမှ သွေဖည်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးသွားသော နိုင်ငံများရှိသည်ကို တွေ့ရမည်ဖြစ် ”**

**(၁၀) ပွင့်လင်းမြင်သာရွေးချယ်မှု**

ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံများမှ ရွေးချယ်တင်မြှောက်သော ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင် နိုင်ငံသားများ၏ ယုံကြည်မှုပျက်ပြားစေနိုင်သော မဲလိမ်လည်မှု၊ မဲခိုးမှုစသည့် မသမာမှုများ မရှိအောင် ကြီးကြပ်ထိန်းသိမ်း လုပ်ဆောင်ရမည်ဖြစ်သည်။

**(၁၁) လူ့အခွင့်အရေးထိန်းသိမ်း**

လူသားတိုင်းတွင် မွေးရာပါ လူ့အခွင့်အရေးများ ပါရှိလာပြီးဖြစ်သည်။ လွတ်လပ်စွာ ပညာသင်ကြားနိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားဖော်ထုတ်နိုင်ခွင့် အစရှိသည့် လူ့အခွင့်အရေးများအား ထိန်းသိမ်းကြရမည်ဖြစ်သည်။

**(၁၂) ပါတီစုံစနစ်ကျင့်သုံး**

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြိုင်ဆိုင်မှုများရှိပါမှ တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သည့်အလျောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ပါတီအားလုံး လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိစေရမည်။

**(၁၃) ဥပဒေလေးစားလိုက်နာ**

စည်းကမ်းလိုက်နာ ဘေးကင်းကွာ ဆိုသည့်အတိုင်း ဥပဒေကို မည်သို့ပင်ဖြစ်စေကာမူ လုပ်ချင်သလို လုပ်မည်ဆိုလျှင် ဥပဒေကို မလေးစားခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်တွင်သာမက မည်သည့်စနစ်ပင်ဖြစ်စေ ဥပဒေကို လူတိုင်းလူတိုင်း လေးစားလိုက်နာကြရမည်ဖြစ်သည်။ ဥပဒေအထက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိစေရပါ။



မိုးညှင်းခရိုင် ဟိုပင်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

အထက်ဖော်ပြပါ ဒီမိုကရေစီစံနှုန်းများသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံများအားလုံး လိုက်နာရန် သတ်မှတ်ထားသော နိုင်ငံတကာစံနှုန်းများဖြစ်ပါသည်။

ဒီမိုကရေစီကျင့်သုံးသော မည်သည့်နိုင်ငံမဆို စည်းနှင့် ကမ်းနှင့် ဥပဒေနှင့်အညီ ကျင့်သုံးနေကြရမည်ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ နေထိုင်လုပ်ကိုင်ကြသော နိုင်ငံများသည် ဒီမိုကရေစီနိုင်ငံ မဟုတ်ပေ။ ဒီမိုကရေစီနိုင်ငံ ဟုတ်သည်ဆိုသော်လည်း စည်းကမ်းမရှိသော ဒီမိုကရေစီနိုင်ငံသာ ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရကြသော်လည်း စည်းကမ်းဥပဒေကို လေးစားလိုက်နာကြရသည်။ စည်းကမ်းဥပဒေများကိုလေးစားလိုက်နာကြသော ဒီမိုကရေစီနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းသူပြည်သားများ ငြိမ်းချမ်းသာယာဝပြောစွာဖြင့် စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာ၌ ကိုယ့်တိုင်းပြည်နှင့်ကိုယ် လိုက်ဖက်ဆီလျော်အောင် ဆောင်ရွက်ကြသည်ဖြစ်သော်လည်း စည်းကမ်းစနစ်ကျနသည့် ဒီမိုကရေစီနိုင်ငံများ၏ အလေ့အကျင့်ကောင်းများကို အတုယူရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းသူပြည်သားများ ချမ်းသာကြွယ်ဝရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပုံများကိုလည်း နည်းနာယူရမည်ဖြစ်သည်။ ဒီမိုကရေစီကို လက်သုံးစကားတစ်ခုဟု မမှတ်ယူဘဲ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်သုံးအားထုတ်ကြရပေမည်။ ဒီမိုကရေစီဟူ၍ ထင်ရာလုပ်လျှင် ပရမ်းပတာဖြစ်ပေမည်။ ဒီမိုကရေစီဟုဆိုပြီး သူတစ်လူငါတမင်း လုပ်လျှင် မင်းမဲ့တိုင်းပြည်ဖြစ်ပေလိမ့်မည်။

စစ်မှန်ခြင်းဆိုသည်မှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြရန်ဖြစ်သည်။ ဒီမိုကရေစီ၏ သရုပ်သကန်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ တရားမျှတမှုရှိစွာဖြင့် လွတ်လပ်မှန်ကန်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုအချက်သည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ရွေးကောက်ပွဲတိုင်းတွင် မသမာမှု၊ မရိုးသားမှုများ ရှိတတ်သော်လည်း အနည်းဆုံးအခြေအနေဖြင့် ပွင့်လင်းမြင်သာ တရားမျှတမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကတာဝန်ရှိသူများကလည်း ဘက်လိုက်မှုမရှိဘဲ တရားမျှတမှုရှိစွာဖြင့် သမာသမတ်ကျအောင် ပြုမူနေထိုင် လုပ်ကိုင်ကြရမည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အစပျိုးလျှောက်လှမ်းနေသော နိုင်ငံဖြစ်သည်။ အစပျိုးကာလတွင် ဒီမိုကရေစီစံနှုန်းများကို ဖောက်ဖျက်ခဲ့ကြသည့်အပြင် ဒီမိုကရေစီနှင့် လားရာဆန့်ကျင်သည့် တိုင်းပြည်ပျက်စီးရေးလုပ်ရပ်များကိုပါ လုပ်ကိုင်လာကြသည်ကို ပြည်သူများအားလုံး ကိုယ်တိုင်ကြုံတွေ့ ခံစားနေကြရပြီဖြစ်သည်။ တိုင်းပြည် ဖျက်ဆီးရေးမှသည် တိုင်းပြည်ပြိုကွဲပျက်စီးခြင်းမဖြစ်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီမှ သွေဖည်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးသွားသော နိုင်ငံများရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီအနှစ်သာရ၊ စံနှုန်းများကို အခြေခံပြီး မြန်မာနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။ ။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များမှ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပေးထားချက်များအပေါ် ခံယူယုံကြည်မှု

မိုးကေနိုင်

ငြိမ်းချမ်းမှုမရှိလျှင် တိုင်းပြည်မတိုးတက်၊ တိုင်းပြည်မတိုးတက်လျှင် ငြိမ်းချမ်းရေးမရနိုင်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတိုးတက်မှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှု အပြန်အလှန် ဆက်စပ်နေသည်။ ထာဝရငြိမ်းချမ်းရေးနှင့်အတူ စစ်မှန်သော ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် ပဓာနကျသည်ဟု ရှုမြင်သည့်အတွက်လည်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အလေးထားလုပ်ဆောင်မည့် လမ်းစဉ်တစ်ခုကို မဖြစ်မနေ ထည့်သွင်းထားသည်ကို မှတ်သားမိပါသည်။ ဦးတည်ချက်(၉)ရပ်အနက် နိုင်ငံရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များတွင် ပြည်ထောင်စုငြိမ်းချမ်းရေးသည် အဓိက အချက်များအဖြစ် ပါဝင်နေသည်ကို လေ့လာနိုင်ပါသည်။

**NCA လမ်းကြောင်းသည် ငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုဖြစ်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါသဘောတူညီချက်များက တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးအတွက် အသက်ဖြစ်သည်။ ထိုအချက်ကို နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်တွင် အတိအလင်းဖော်ကျူး ထားခြင်းသည် ထာဝရငြိမ်းချမ်းရေးအတွက် NCA ကို ပေးထားချက်တစ်ခုဖြစ်ကြောင်း အလေးအနက် မှတ်ယူသင့်ပါသည်။ မပြီးဆုံးနိုင်သော ပဋိပက္ခများကို ဖြေရှင်းရာတွင် NCA သည် ထိရောက်သည့် ယန္တရားတစ်ခုဖြစ်သည့်အပြင် နောက်ပြန်လှည့်၍မရသော အခြေခံဘုံသဘောတူညီချက်တစ်ခုလည်းဖြစ်ပါသည်။

ထို့ပြင် ၁၃၅ မျိုးသော မူလဘူတ တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စစ်မှန်သောပြည်ထောင်စုကြီးအတွက် အခြေခံရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ငြိမ်းချမ်းရေး အာမခံချက်တစ်ခုအဖြစ် ပေးထားသည်ကို တွေ့ရပြန်ပါသည်။ NCA ပါအတိုင်း ငြိမ်းချမ်းရေးကို အလေးထားလုပ်ဆောင်မည် ဆိုသည်ကိုလည်း နိုင်ငံရေးဦးတည်ချက်များတွင် တွေ့ရသည်။ ဆိုလိုသည်မှာ ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် NCA တို့သည် ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုအတွက် အခြေခံရမည့်အချက်များဖြစ်သည် ဆိုသည့် သဘော ဖြစ်ပါသည်။ သင်ခန်းစာယူသင့်သည်ကို ယူ၍ အနာဂတ်တွင် ဆက်လက်ကျင့်သုံးမည့် ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးတော့မည့် တရားမျှတမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများမှတစ်ဆင့် ပုံဖော်ကြည့်မြင်နိုင်ပါသည်။ စစ်မှန်သည်၊ စည်းကမ်းပြည့်ဝမည်ဟု အတိအလင်း ဆိုထားပြန်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် တရားမျှတမှုအပြည့်ဖြင့် ကျင့်သုံး ဖော်ဆောင်နိုင်မည့် စနစ်တစ်ရပ်အဖြစ်မြင်မိပါသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်၊ အတူမျှဝေခံစား**

ထို့အတူ ဖက်ဒရယ်ဟူသောအဓိပ္ပာယ်သည် အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ရရှိလာသည့် အသီးအပွင့်များကို မျှဝေခံစားကြရသည့်မှုဖြစ်သည်။ ဖက်ဒရယ်တွင် တိုင်းရင်းသားလူမျိုးများအကြား ခွဲခြားဆက်ဆံမှုမရှိစေဘဲ တန်းတူညီမျှမှုနှင့် လူနည်းစုအခွင့်အရေးကို လူများစုနည်းတူ အပြည့်အဝ အကာအကွယ်ပေးထားနိုင်မှုအပေါ် အခြေခံထားသည်။ အပြန်အလှန်လေးစားအသိအမှတ်ပြုမှု၊ ပြည်သူလူထုအတွက် အနီးစပ်ဆုံးနှင့် ထိရောက်သော လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားမှုဟူသော အခြေခံစံတန်ဖိုးများ ပါဝင်နေသည့်အတွက် ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ယန္တရားတစ်ခုကို ကောင်းစွာတည်တံ့အောင် လည်ပတ်နိုင်မည့် အကျိုးကျေးဇူးများ များစွာဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

အကြောင်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ တန်းတူညီမျှမှု၊ တရားမျှတမှု၊ နိုင်ငံ၏ပကတိအခြေအနေများနှင့် စပ်ဟပ်၍ လက်တွေ့ကျသော ဖက်ဒရယ်စံနှုန်းများ ပါဝင်နေသည့်အတွက် အလေးအနက်ယုံကြည်မိခြင်းဖြစ်ပါသည်။

ဖက်ဒရယ်အတွက် အာမခံချက်ကို နိုင်ငံအတွက် စိတ်ချရမည့်၊ တိုင်းရင်းသားအားလုံး နားလည်လက်ခံနိုင်မည့် အခြေခံအချက်တစ်ခုအဖြစ်မြင်ကြည့်၍ ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ခိုင်မာသည့်ပေးထားချက်တစ်ခုအဖြစ် ယုံကြည်ကြစေလိုပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်အတွက် ဖောက်လုပ်ပေးထားသော လမ်းပြမြေပုံအတိုင်း လျှောက်လှမ်းပါက ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုဆီ အမှန်ရောက်ရှိနိုင်မည်ဟု ခံယူထားစေချင်ပါသည်။

**ဆက်စပ်နေသောမျိုးချစ်စိတ်နှင့် ပြည်ထောင်စိတ်ဓာတ်**

ငြိမ်းချမ်းရေးကို အလေးအနက်ထားပုံကို လူမှုရေး ဦးတည်ချက်များတွင်လည်း လေ့လာနိုင်ပါသည်။ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် ကိန်းအောင်းနေရမည့် အရေးကြီးဆုံးသော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် ဦးတည်ထားပုံကို တွေ့ရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို စစ်မှန်သော မျိုးချစ်စိတ်နှင့်လည်း ချိတ်ဆက်ထားသည်။

အကြောင်းမှာ လူမျိုးအသီးသီး၏ မျိုးချစ်စိတ်ဓာတ်များကိုအရင်းခံ၍သာ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် စုစည်းညီညွတ်မှုကို ပေးစွမ်းနိုင်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် အေးအတူပူအမျှ၊ တစ်ဦးအရေးကြုံက အများက ရိုင်းပင်းကူညီ၍ ကျောသားရင်သားမခွဲခြား၊ ရေကိုသားအကြားမထင်သည့်စိတ်ဓာတ်မျိုးဖြစ်သည်။ ထိုထိုစစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို မျိုးချစ်စိတ်ဓာတ်ကသာ တည်ဆောက်ပေးနိုင်သည်။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာသာသနာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးစံ၊ ကိုယ့်ပိုင်နက်ကို အသက်တမျှ တန်ဖိုးထားချစ်မြတ်နိုးသည့်စိတ်၊ အသက်ပေး ကာကွယ်စောင့်ရှောက်လိုသည့်စိတ်သည်ပင် မျိုးချစ်စိတ်ဖြစ်သည်။

မျိုးချစ်စိတ်ကို ပြည်ထောင်စုစိတ်ဓာတ်နှင့်လည်း တစ်ထပ်တည်းစဉ်းစား ထပ်တူခံယူထားစေချင်ပါသည်။ မျိုးချစ်စိတ်သည် ပြည်ထောင်စု၏ ဝိညာဉ်ပင်ဖြစ်၍ မျိုးချစ်စိတ်ကင်းမဲ့က ပြည်ထောင်စုယိုင်လဲမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်အားနည်းလျှင် ကမ္ဘာ့အလယ်တွင် နိုင်ငံမှာချည့်နဲ့ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်စွာရပ်တည်နိုင်မှု ခဲယဉ်းသွားမည်ဖြစ်သည်။ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိမှသာ ရေပက်မဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရရှိမည်ဖြစ်ပြီး အချုပ်အခြာနှင့် လွတ်လပ်ရေးကိုလည်း လေးစားတတ်လာမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရန် ခိုင်မာရင့်ကျက်သော အတွေးအခေါ်များ ရှိရန်တော့ လိုအပ်နေပါသေးသည်။

**ကိုယ်ပိုင်ဝိသေသလက္ခဏာများသည် အမျိုးသားနိုင်ငံရေးအတွက်ခွန်အား**

ကိုယ့်အမျိုး၊ ကိုယ့်ဘာသာသာသနာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်ယုံကြည်မှု အစဉ်အလာများကို ချစ်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ တစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ကို ထက်သန်စေရုံမက ပြည်ထောင်စုစိတ်ဓာတ်ကိုပါ ရှင်သန်စေမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤအချက်ကို တိုင်းရင်းသားအသီးသီး၏ မူပိုင်သီးခြားအမှတ်လက္ခဏာများ မပျောက်ပျက် မတိမ်ကောရေးအတွက် ဦးတည်၍ ကာကွယ်စောင့်ရှောက်ရမည့် အရေးကြီးသော လူမှုရေးလမ်းညွှန်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။

ကိုယ့်လူမျိုးသမိုင်းနှင့်တကွ ချစ်ခြင်းမေတ္တာ၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို ဖော်ညွှန်းသော၊ သစ္စာတရားနှင့် အခက်အခဲကြားက ရှင်သန်နိုင်မှု သတ္တိဗျတ္တိနှင့်ရဲရင့်မှုကို ထင်ဟပ်သော ဘာသာစကား စာပေအမွေအနှစ်များကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းပေးနိုင်ခြင်းသည်ပင် ထာဝရစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုစိတ်ဓာတ်ကို အစဉ်ရရှိနေရန် တွန်းအားပေးနေခြင်းဖြစ်သည်ဟု ယူဆပါသည်။ တိုင်းရင်းသားများ၏ ဖြူစင်ဖြောင့်မတ်ရိုးသားတည်ကြည်မှု၊ အမျိုးဘာသာသာသနာကို စောင့်ထိန်းမှုဟူသော ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာများကလည်း တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို အခြေခံသည့် အမျိုးသားနိုင်ငံရေးအတွက် ခွန်အားတစ်ခုကို ဖြစ်စေ ပါသည်။ လူမှုရေးဦးတည်ချက်များတွင်ပါဝင်သော ဤအချက်များကို စံနမူနာကောင်း လူမှုရေးလက္ခဏာရပ်များအဖြစ် ပေါ်လွင်ထင်ရှားစွာတည်ရှိနေသည်ကို တွေးကြည့်မြင်ကြည့်နိုင်ပါသည်။

**သူငါဒေသမခွဲခြားသည့် ညီရင်းအစ်ကိုမောင်နှမ စိတ်ဓာတ်ကသာ သွေးစည်းမှုကိုဖြစ်စေ**

မျိုးချစ်စိတ်အခြေခံနှင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ တိုင်းရင်းသားလူမျိုးအားလုံးနှင့် နိုင်ငံသားအားလုံးထံမှ ကျစ်လျစ်ခိုင်မာ ညီညွတ်သော စုစည်းမှုအင်အားကို မည်သို့ရယူနိုင်ပါမည်နည်း။ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်ရင်း နှမစိတ်ဓာတ်၊ မိသားစုစိတ်ထားမွေးနိုင်ရပါမည်။ မိမိလူမျိုးဂုဏ်ကိုထိန်းသိမ်းလျက် သူ့လူမျိုးငါ့လူမျိုး သူ့ဒေသ ငါ့ဒေသမခွဲခြား၊ ငါတို့အားလုံးသည် မြန်မာနိုင်ငံသားဖြစ်ကြသည်ဟူသော အမှတ်လက္ခဏာ စွဲထင်နေရပါမည်။

ထို့အတွက် သံယောဇဉ်ကြိုးတို့ ရစ်ပတ်နှောင်ဖွဲ့ထားနိုင်ဖို့တော့လိုပါသည်။ တစ်ဦးနှင့် တစ်ဦး သံယောဇဉ်ဟူသည် အပြန်အလှန်ထားအပ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ အပေါ်တွင် အခြေခံသည်ဟု ယုံကြည်ပါသည်။ ထိုတရားများကသာ ကောင်းတူဆိုးဖက် တန်းတူညီမျှမှုနှင့် တရားမျှတမှုကိုပေးနိုင်သည်၊ ရန်လိုမုန်းထား အာဃာတများကို လျှော့ချပေးနိုင်သည်။ တစ်ဦးအပေါ်တစ်ဦး ကူညီစောင့်ရှောက်၍ အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေးနိုင်သည်ဟူ၍ဖြစ်ပါသည်။ ထိုစိတ်ထား ထိုတရား ဤသို့သော ယုံကြည်ချက်၊ ခံယူချက်များကသာ အခက်အခဲတစ်စုံတစ်ရာနှင့် ထိခိုက်အစော်ကားခံရပါက အရေးကြီးသွေးနီးပြီး သွေးစည်းမှုကိုဖြစ်စေနိုင်ပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်ကသာ သံသယနှင့်စိုးရိမ်စိတ်များ ပပျောက်စေနိုင်**

နိုင်ငံသားတိုင်းတွင် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်မွေးမြူနိုင်ပြီဆိုမှသာ အနုတ်လက္ခဏာဆောင်သော လူမျိုးစွဲ၊ ဒေသစွဲ တစ်ယူသန်အမြင်ကျဉ်းသည့် မျိုးချစ် စိတ်များ လျော့နည်းသွားမည်ဟု ယုံကြည်ပါသည်။ သမိုင်းကြောင်းအရ ဖြစ်တည်လာသော မတူကွဲပြားခြားနားမှုကို အပေးအယူမျှမျှတတဖြင့် ဆင်ခြင်တုံတရားရှိစွာ နားလည်လက်ခံပေးလာနိုင်ရပါမည်။ ထိုသို့နားလည်မှုမျိုးကသာ တစ်ဦးနှင့်တစ်ဦး စိုးရိမ်စိတ်များကိုဖယ်ရှားပေးပြီး သံသယများကို ပပျောက်စေကာ ယုံကြည်မှုကို တိုးပွားစေပါသည်။

စိုးရိမ်စိတ်နှင့်သံသယစိတ်များကို အခြေခံသည့် ပဋိပက္ခများကို စာမျက်နှာ ၁၁ သို့ ○



၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း(၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တွေ့ဆုံပွဲ ကျင်းပစဉ်။

> **ငြိမ်းချမ်းရေးတံခါးမုခ်ဦးအဖြစ် တင်စားယူနိုင်သော NCA သည် အလွယ်တကူ ရရှိခဲ့သော သဘောတူညီချက်တစ်ခု မဟုတ်၍ ပျက်ပြယ်သွား၍ မသင့်ပါ။ ငြိမ်းချမ်းရေးကို စစ်ပွဲနည်းလမ်းဖြင့် ဘယ်လိုမှ ဖြေရှင်း၍မရနိုင်ဟူသောအချက်ကို သဘောပေါက်ခဲ့၍ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပေါင်းများစွာဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ရယူခဲ့ရသော သဘောတူညီချက်တစ်ခုဖြစ်**

## ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများ ဖွင့်လှစ်မည့် ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တို့တွင် အောက်ဖော်ပြပါသင်တန်းများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

❖ ဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ)(၂/၂၀၂၂)**အတန်းသစ်**နှင့် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(က) (၂/၂၀၂၂)**အတန်းသစ်**

❖ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၏ စတုတ္ထနှစ် ဘီဒီအက်စ်(၁/၂၀၂၀)(ပုံမှန်)သင်တန်းနှင့် တတိယနှစ် ဘီဒီအက်စ်(၁/၂၀၂၀) (ပုံမှန်)သင်တန်း

❖ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊သူနာပြုတက္ကသိုလ်များ၊အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) နှင့် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တို့၏ တတိယနှစ်(၁/၂၀၂၀)(ပုံမှန်)သင်တန်းများ

## ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်မွမ်းမံမှု ကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရွှေတိဂုံ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေး ထိန်းသိမ်း ဆောင်ရွက်နေမှု လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် စေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှု စစ်ဆေးပြီး စေတီတော် ရင်ပြင်ပေါ်တွင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ရွှေတိဂုံစေတီတော် ဝန်ထမ်းများမှ ကုသိုလ်ယူ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေး ထိန်းသိမ်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် စေတီတော်ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများ၊ ဇရပ်တန်ဆောင်းများနှင့် ရင်ပြင်တော် သန့်ရှင်းရေး ဆောင်ရွက်နေကြသည့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၊ စေတီတော်ဝန်ထမ်းများက ဘုရားဖူးများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၀ မှ

ညီညွတ်မှုစွမ်းအားဖြင့် မဖြေရှင်းနိုင်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအုတ်မြစ်များမချနိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေမည်သာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကပေးသော အပြန်အလှန်နားလည်မှုမျိုး၊ ယုံကြည်မှုမျိုးကသာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပန်းတိုင်သို့ ရောက်ရှိစေမည်ဖြစ်ပါသည်။

**ငြိမ်းချမ်းရေးအတွက်အကောင်အထည်ဖော်**

လျှောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးခရီးလမ်းသည် ခက်ခက်ခဲခဲ လျှောက်လှမ်းကြိုးပမ်းခဲ့ရသော လမ်းဖြစ်သည်။ ငြိမ်းချမ်းရေးတံခါးမုခ်ဦးအဖြစ် တင်စားယူနိုင်သော NCA သည် အလွယ်တကူရရှိခဲ့သော သဘောတူညီချက်တစ်ခု မဟုတ်၍ ပျက်ပြယ်သွား၍ မသင့်ပါ။ ငြိမ်းချမ်းရေးကို စစ်ပွဲနည်းလမ်းဖြင့် ဘယ်လိုမှ ဖြေရှင်း၍ မရနိုင်ဟူသောအချက်ကို သဘောပေါက်ခဲ့၍ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပေါင်းများစွာဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ရယူခဲ့ရသော သဘောတူညီချက်တစ်ခု ဖြစ်သည်။ သို့ဖြစ်၍ အားလုံးကလေးစားလိုက်နာပြီး ငြိမ်းချမ်းရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရပါမည်။

ရှေ့လုပ်ငန်းစဉ်မှ လမ်းပြချက်များ၊ ဦးတည်ချက်မှပေးထားချက်များနှင့်အတူ အကောင်းမြင်မှုများစွာဖြင့် ငြိမ်းချမ်းရေးအတွက် ယုံကြည်ချက်များ တိုးပွားနေသော်လည်း စိန်ခေါ်မှုများစွာရှိနေသည့် အချက်ကိုတော့ ထည့်မတွက်၍မရပေ။ သဘောထားကွဲလွဲမှုများ၊ မတူညီသောအမြင်များကို နီးစပ်အောင် များစွာကြိုးပမ်းအားထုတ်ရပါဦးမည်။ စစ်ကိုခေါ်လျှင် စစ်နှင့် တစ်ပါတည်း အနိဋ္ဌာရုံများပါပါလာမည်ကို ပညာဉာဏ်ရှိစွာဖြင့် ထည့်တွက်ထားရပေမည်။ သို့သော်လည်း ငြိမ်းချမ်းသည့် အပြောင်းအလဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြင်းအထန် ကြိုးစားအကောင်အထည်ဖော်မှုများကို တွေ့မြင်နေရသည်မှာ အားတက်ဖွယ်ရာဖြစ်ပါသည်။ အရေးကြီးပြီး တန်ဖိုးထားရမည့် ငြိမ်းချမ်းရေးနှုတ်ခွန်းဆက်သံ၊ ပဋိပက္ခများချုပ်ငြိမ်းရေး ငြိမ်းချမ်းရေးဖိတ်ခေါ်သံများကို အဆက်မပြတ် ကြားနေရပါသည်။

**ရလဒ်ကောင်းများ မကြာမီတွေ့မြင်ရဖွယ်ရှိ**

အဓိကပါဝင်ပတ်သက်သူများ၏ မကြာခဏ ညှိနှိုင်းတွေ့ဆုံပွဲများက ငြိမ်းချမ်းရေးလမ်းစကို မြင်အောင်ပြပေးနေပါသည်။ သို့သော် တစ်ဖက်တည်း၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုတင်မကဘဲ နိုင်ငံသူနိုင်ငံသားအားလုံး တိုင်းရင်းသားလူမျိုးအားလုံး၏ ရေရှည်အကျိုးစီးပွား၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်မျှော်ကိုး၍ အားလုံးက အလျင်အမြန် ပါဝင်လက်တွဲကြရန် အရေးတကြီး လိုအပ်နေပါသည်။ သို့မှသာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များမှ၊ ပေးထားချက်များမှ ပေါ်ထွက်လာမည့် ရလဒ်ကောင်းများကို မကြာမီ တွေ့မြင်ရဖွယ်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## စည်းလုံးခြင်းသည် အင်အား

❖ ပန်းတစ်ပွင့်ချင်း၊ ရနံ့ဆင်းနှင့်
ထုံသင်းသွယ်သွယ်၊ အလှကြွယ်လည်း
ပန်းနွယ်ကိုညှင်း၊ လေပွေပြင်းက
သက်ဆင်းကြေမွ၊ မြေမှာကျ၍
အလှ မကြာ၊ ခဏတာတည့်။

❖ ပန်းတွေကိုစီ၊ ကြိုးထုံးသီ၍
ပန်းနီပန်းဝါ၊ ပန်းပြာပန်းစိမ်း
လေမွှေ့ယိမ်းလည်း၊ ထိန်းသိမ်းစုရုံး
ပန်းကုံးပိုင်ပိုင်၊ စွဲမြဲခိုင်မို့
မယိုင်မလွင့် မြိုင်ဆိုင်တင့်၏။

❖ ထင်းအပေါင်းကို၊ တစ်ချောင်းချင်းဖျက်
ချိုးမခက်ဖွယ်၊ ကျိုးပျက်လွယ်လည်း
ထင်းချောင်းငယ်များ၊ စုစည်းအားနဲ့
သန်ထွားခိုင်ဖြိုး၊ ထိုထင်းစည်းကား
စွမ်းအားကြီးစိုက်၊ ဒူးတိုက်ရိုက်ချိုး
ဘယ်မကျိုးနိုင် ညီညွတ်ခိုင်၏။

❖ ပျားကောင်ငယ်လေး၊ သွယ်သွယ်သေးကို
မနှေးနှိပ်စက်၊ သိပ်မခက်လည်း
ခဲနက်စုပေါင်း၊ ထောင်သောင်းရှိဂုဏ်
ထိုပျားအုံအား၊ ထိပါးဖို့ခက်
မထိုးဖျက်နိုင် ကြံ့ကြံ့ခိုင်၏။

❖ ဪ...
မြန်မာပြည်သား၊ သွေးချင်းများတို့
ထင်ရှားလက်ရုံး၊ မြဲကျင့်သုံးဖို့
"စည်းလုံးခြင်းဟာ အင်အားပါ"ဟု
အစဉ်လာရှိ၊ ခံယူသိမှ
အမိမြန်မာ၊ ပြည်ရွာဖွံ့ဖြိုး
အလှတိုးကာ၊ ညီညာအောင်ဆု
ပြည်ထောင်စုဂုဏ်၊ လုံခြုံဝင့်ထည်
တင့်တယ်စေကြောင်း ပုံရိပ်ကောင်း။
ညီနောင်စုစည်း နောင်အရှည်ပေါင်း။
ပြည်ထောင်စုကြီး အောင်စေကြောင်း။ ။

ကျော်စွာမိုးနိုင်

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်



## ဂျပန်နိုင်ငံက တွန်ဂါနိုင်ငံသို့ အရေးပေါ်အထောက်အပံ့ပေးအပ်မည်

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်နိုင်ငံအစိုးရက ဇန်နဝါရီ ၁၅ ရက်တွင် ပင်လယ်ရေအောက် မီးတောင်ပေါက်ကွဲမှုကြီးမားစွာ ဖြစ်ပေါ်ခဲ့သည့် တွန်ဂါနိုင်ငံသို့ အရေးပေါ်အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ သန်းခန့် အထောက်အပံ့ပေးမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယင်းသို့ တွန်ဂါနိုင်ငံအား အထောက်အပံ့ပေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် တွန်ဂါနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၄ ရာခိုင်နှုန်းခန့်သည် ပင်လယ်ရေအောက် မီးတောင်ပေါက်ကွဲမှုဒဏ်နှင့် ဆူနာမီဒဏ်တို့ကို ခံစားခဲ့ရပြီး လေးဦးသေဆုံးခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာက ပြောကြားသည်။

တွန်ဂါနိုင်ငံတွင် သောက်သုံးရေ၊ အစားအစာနှင့် အခြားသော အထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် တွန်ဂါနိုင်ငံအား နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ရေ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများအပြင် အစားအသောက်နှင့် ဆက်သွယ်ရေးပစ္စည်းများကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာက ထပ်လောင်းပြောကြားသည်။

ဂျပန်အစိုးရအနေဖြင့် တွန်ဂါနိုင်ငံ ပြန်လည်နာလန်ထူရေးကို အကူအညီပေးရန် အခြားသောနိုင်ငံများနှင့်အတူ ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**



## တူရကီသမ္မတ အာဒိုဂန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**အန်ကာရာ ဖေဖော်ဝါရီ ၅**

တူရကီနိုင်ငံ သမ္မတ အာဒိုဂန်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း သမ္မတ အာဒိုဂန်က ဖေဖော်ဝါရီ ၅ ရက်တွင် ၎င်း၏တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်ကို ဆင်ဟွာသတင်းဌာနက သတင်းဖော်ပြထားသည်။

သမ္မတ အာဒိုဂန်နှင့် ဇနီးဖြစ်သူတို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် လက္ခဏာများ တွေ့ရှိခဲ့ကြောင်းနှင့် ၎င်း၏လုပ်ငန်းဆောင်တာများကို နေအိမ်မှနေ၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတ အာဒိုဂန်က ပြောကြားသည်။

တူရကီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ လျင်မြန်စွာပျံ့နှံ့လျက်ရှိသည့်အပြင် ဇန်နဝါရီလအစောပိုင်းမှစတင်ကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက်သည်လည်း နှစ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၁၁၅၇ ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၁၂၀၅၁၈၅၂ ဦးရှိလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၆ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၈၃၂၃၁ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၅၀၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂ သန်းကျော်ရှိလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၉၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၂၀၈၀၆၆၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၀၅၉ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၀၁၁၁၄ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၃၃၁၆၄၈ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၃၀၈၁၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၀၂၄၇၉၀၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## တိုကျို၌ သက်ကြီးရွယ်အိုများ ကိုဗစ်-၁၉ ကူးစက်မှုလျှော့ချရေးဆောင်ရွက်

**တိုကျို ဖေဖော်ဝါရီ ၅**

တိုကျိုဒေသရှိ မိသားစုများအတွင်း အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာမှုအား ကာကွယ်ရေးအတွက် အစီအမံချမှတ်ခဲ့ကြောင်း တိုကျိုမြို့တော်ဝန် ကိုကီယူရီကိုက ပြောကြားသည်။

မိမိတို့မိသားစုအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူများရှိသော သက်ကြီးရွယ်အိုများအား ဟိုတယ်များတွင် သီးခြားခွဲခြားနေထိုင်နိုင်ရေးအစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ကြီးရွယ်အိုများသည် ကိုဗစ်-၁၉ ကူးစက်ရန်လွယ်ကူသောကြောင့် ၎င်းကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ တိုကျိုဒေသအတွင်း ကိုဗစ်-၁၉ အပြင်းအထန်ကူးစက်ခံရသူများပြားလာသောကြောင့် ဒေသခံများ၏လူမှုဘဝများအား ထိခိုက်မှုရှိလာနိုင်ကြောင်း တိုကျိုမြို့တော်ဝန် ကိုကီယူရီကိုက ပြောကြားသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၅၀၀၀ကျော်ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၀၀ ဦး ရှိခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၂ ဒသမ ၆၃ သန်းကျော်ရှိလာ

**မော်စကို ဖေဖော်ဝါရီ ၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၇၂၈၂ ဦး စံချိန်တင် ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၂၆၃၀၀၄၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၁၄ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၃၄၅၇၃ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှဆင်းခွင့်ရရှိသူ ၆၀၅၀၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၀၅၀၉၆၈၈ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၇၈၅၆၀၆ ဦးရှိကြောင်း သိရသည်။ ရုရှားနိုင်ငံ၏ မြို့တော်မော်စကို၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ရောဂါကူးစက်ခံရသူပေါင်း ၂၄၇၇၀၃၅ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခြောက်သိန်းသုံးသောင်းကျော်ရှိလာ

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၅**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၉၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၆၃၀၄၉၄ ဦးအထိရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၄၃၁၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၆၂၇၅၈၃၁ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများလည်း ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ကမ္ဘာပေါ်၌ အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၉၂၀၉၂၆၉၉ | ဦး |
| သေဆုံးသူ | ၅၇၄၆၁၄၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၁၀၇၇၈၂၃၅ | ဦး |

# ပြင်သစ်သမ္မတ မက်ခရွန် လာမည့်သီတင်းပတ်အတွင်း ရုရှားနှင့် ယူကရိန်းသို့ သွားရောက်မည်

**ပါရီ ဖေဖော်ဝါရီ ၅**

ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန်သည် ယူကရိန်းနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် လာမည့်သီတင်းပတ်အစောပိုင်းတွင် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**ထုတ်ပြန်ကြေညာ**

ပြင်သစ်သမ္မတ မက်ခရွန်သည် ဖေဖော်ဝါရီ ၇ ရက်တွင် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၈ ရက်တွင် ယူကရိန်းနိုင်ငံ သမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မက်ခရွန်သည် ယူကရိန်းအပေါ်တင်းမာမှုများလျှော့ချပေးရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် မကြာသေးသည့်ကာလအတွင်း ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

မက်ခရွန်နှင့်ပူတင်တို့ ယခင်ဆွေးနွေးစဉ်အတွင်း ယူကရိန်းအစိုးရတပ်ဖွဲ့နှင့် ရုရှားလိုလားသော လက်နက်ကိုင်အုပ်စုများအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်လိုအပ်ကြောင်းနှင့် ဥရောပတွင် စစ်မက်ဖြစ်ပွားမည့်အန္တရာယ်များကို လျှော့ချရန်လိုအပ်ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**




ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် စပ်လျဉ်း၍ ဟာဝိုင်အီပြည်နယ်တွင် ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဘလင်ကန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာနှင့် တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီး ချောင်အီယန်တို့အား ဖေဖော်ဝါရီ ၁၂ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

အဆိုပါ နိုင်ငံခြားရေးဝန်ကြီး သုံးဦးတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့်ဒုံးကျည် အစီအစဉ်များဖြင့် ခြိမ်းခြောက်မှုနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သုံးနိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်လအတွင်းက ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု ခုနစ်ကြိမ်အထိ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။ ယင်းသို့ မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံက ပြစ်တင်ပြောကြားခဲ့သည်။

အမေရိကန် နိုင်ငံသည် နျူလက်နက်အပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲများကို ပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံအား တောင်းဆိုခဲ့သော်လည်း မြောက်ကိုရီးယားနိုင်ငံက သဘောမတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## တောင်ကိုရီးယား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၆၂ ဦးဖြင့် ကူးစက်မှုစံချိန်တင်

**ဆိုးလ် ဖေဖော်ဝါရီ ၅**

တောင်ကိုရီးယားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာခြင်းနှင့်အတူ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၃၆၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ နေ့စဉ်ရောဂါကူးစက်မှုနှုန်း အများဆုံးအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

**ရောဂါကူးစက်ခံရသူပေါင်း ၉၇၁၀၁၈ ဦးရှိလာ**

လက်ရှိတွင် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၉၇၁၀၁၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးအေဂျင်စီက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

တောင်ကိုရီးယားအစိုးရသည် ပြည်သူ ၄၄၆၇၄၃၂၃ ဦး သို့မဟုတ် နိုင်ငံလူဦးရေစုစုပေါင်း၏ ၈၇ ဒသမ ၁ ရာခိုင်နှုန်းကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ၄၄၀၉၂၈၇၄ ဦး သို့မဟုတ် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၈၅ ဒသမ ၉ ရာခိုင်နှုန်းကို ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် လူဦးရေ ၂၇၉၅၂၄၁၆ ဦး သို့မဟုတ် နိုင်ငံလူဦးရေစုစုပေါင်း၏ ၅၄ ဒသမ ၅ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူကိုးသိန်းကျော်ရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၅**

အမေရိကန်နိုင်ငံ၌ ဖေဖော်ဝါရီ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူကိုးသိန်းကျော်ရှိလာကြောင်း ဂျွန်ဟော့စ်ကင်းတက္ကသိုလ်က ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် လျော့ကျမှုဖြစ်ပေါ်ခဲ့သော်လည်း အဆိုပါ ရောဂါကြောင့် သေဆုံးသူအရေအတွက်နှင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူဦးရေသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

ဂျွန်ဟော့စ်ကင်းတက္ကသိုလ်က ဖော်ပြသော နောက်ဆုံးအချက်အလက်များအရ အမေရိကန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှု စတင်ပျံ့နှံ့ခဲ့ချိန်ဖြစ်သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းမှစတင်ကာ အဆိုပါရောဂါကြောင့် သေဆုံးသူ ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။



ထို့ပြင် အမေရိကန်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် တစ်သန်းအထိရှိခဲ့ရာမှာ လက်ရှိတွင်မူ ပြီးခဲ့သည့် ခုနစ်ရက်တာကာလအတွင်း နေ့စဉ်ကူးစက်ခံရသူ ၃၈၄၀၀၀ ဦးရှိကြောင်း သိရသည်။ နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည်လည်း ၂၄၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ခန့်မှန်းချက်အရ အမေရိကန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် ၉၆၀၀၀၀ အထိ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူရန်၊ နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ရန်နှင့် လူစုလူဝေးရှောင်ရှားရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အရေးယူပိတ်ဆို့မှုအချို့ကိုသာ ဖြေလျှော့ပေး၍ နျူကလီးယားဆိုင်ရာ သဘောတူညီချက်ပြန်လည်ရရှိရေး မဖြစ်နိုင်ကြောင်း အီရန် ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၅**

အမေရိကန်သည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်အသက်ဝင်လာစေရေး၌ အရေးယူပိတ်ဆို့မှုအချို့ကိုသာ ဖြေလျှော့ပေးခဲ့ခြင်းကြောင့် အဆိုပါ သဘောတူညီချက်ပြန်လည်ရရှိရေးအတွက် လုံလောက်မှုမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာအိခါတက်ဇာဒက်က ယနေ့ပြောကြားသည်။

အမေရိကန်၏ မိမိနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းသွားရန် အီရန်က ဆန္ဒရှိကြောင်း ၎င်းက ပြောကြားသည်။

**မျှော်မှန်းထားသည့် အတိုင်းအတာအထိ မရောက်ရှိ**

ယနေ့တွင် အမေရိကန်၏ အီရန်အပေါ် ဖြေလျှော့ပေးမည့် အရေးယူပိတ်ဆို့မှုအတိုင်းအတာကို မိမိတို့သိရှိခဲ့ရပြီး ၎င်းဆောင်ရွက်ချက်သည် မိမိတို့မျှော်မှန်းထားသည့် အတိုင်းအတာအထိ မရောက်ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ လက်ရှိကျင်းပနေသော ဆွေးနွေးပွဲတွင် အမေရိကန်က အီရန်အားနိုင်ငံတကာမှဆောင်ရွက်မည့် နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများတွင်သာ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၎င်းဆွေးနွေးပွဲသည် လက်ရှိအချိန်၌ အရေးကြီးသော အပိုင်းသို့ရောက်ရှိနေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နောင်ချိုမြို့နယ်တွင် ငွေကျပ် သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လားရှိုး-မန္တလေး သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးသို့ စိုင်းမျိုးမင်းထွန်း (ခ)စိုင်းမောင်ခေး မောင်းနှင်ပြီး စိုင်းနန္ဒာအောင်(ခ) နန္ဒ လိုက်ပါလာသည့်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသည့် ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



စိုင်းမျိုးမင်းထွန်း (ခ)စိုင်းမောင်ခေးနှင့် စိုင်းနန္ဒာအောင်(ခ) နန္ဒတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

■

# မိုးညှင်းနှင့် ဘားအံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မမိနှောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မိုးညှင်းမြို့နယ် သာယာကုန်းကျေးရွာ အိမ်အမှတ်(၆၄)ရှိ မမိနှောင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအနီး ဘားအံ-အိန္ဒုသွား ကားလမ်းတွင် စောစားထူးဂါး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မမိနှောင်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ယာဉ်အပိုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ လေဆိပ်ကုန်လှောင်ရုံအကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်၊ စားသောက်ကုန်၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၉၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိခဲ့သည့် တရားမဝင်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် သစ်ခွဲသားမျိုးစုံ ၁၁ ဒသမ ၁၇၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၂၄၃၂) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၁ ဒသမ ၄၅၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၁၀၀၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်များတွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၁၄၃၃၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၂-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** အလှပြာဝေဖားစည်မြေ(စကောကရင်)
- **၀၈:၃၅** တရုတ်ကာတွန်း 'ပိုးကောင်ကြီးညယျာဉ် စွန့်စားခန်း' (အပိုင်း-၅၀)
- **၀၉:၁၀** တူယှဉ်နွဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယ အဆင့်ပွဲစဉ်) (စိတ်ကြိုက်တေးသီချင်း)
- **၁၂:၃၀** This Week's Special Interest
- **၁၃:၀၀** စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
- **၁၃:၁၅** အလှပြာဝေဖားစည်မြေ(အနောက်ပိုးကရင်)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** ပြည်ထောင်စုနေ့ဂုဏ်ပြုရုပ်ရှင် မြန်မာဂန္ထဝင်ရုပ်ရှင် '**နေခြည်ဖြာမှငွေး သော်ကြောင့်**'
- **၁၆:၃၅** ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ ရိုးရာအိမ်ကလေးများ
- **၁၇:၁၀** ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ်
- **၁၇:၂၀** အလှပြာဝေဖားစည်မြေ(အရှေ့ပိုးကရင်)
- **၁၇:၄၀** စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၆၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** တူယှဉ်နွဲပျော်ဂီတပွဲတော်တေးသီချင်းဆို ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) (ပြဇာတ်တေးသီချင်း

**သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:01** Union Blood (Pann Nu Yin, Pann Su Thwin)
- **07:07** The Ornithologist: Dr. Thein Aung
- **07:39** A Triditional Food in Bagan: Pone Ye Gyi
- **07:51** Orphanage
- **08:01** Myanmar Puppeteers (Chinlone)
- **08:11** Today Myanmar: Diving at Archipelagos (Kawthaung)
- **08:28** Products of Myanmar - Bamboo Hat
- **08:36** Sayit-wyne Girls
- **09:01** News
- **09:27** Global Partnership for Brighter Future: Fiji Pavilion at Expo 2020 Dubai
- **09:35** Sons of the Lake
- **10:02** Sagaing: Guitars

**MRTV NRC**

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၃)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တွဲလက်ညီညီခရီးဆက်မည်NRC(အပိုင်း-၂)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တွဲလက်ညီညီသစ္စာတည်(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပညာရပ်များစွာဆည်းပူးလေ့လာMRTV ကျောင်းတော်မဟာ(အပိုင်း-၂)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရေခြားမြေကွာအခက်အခဲများစွာကြားမှ ကျရာတာဝန်ကျေပွန်ကြသူများ(အပိုင်း-၅)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
မိုးသားတိမ်ထုအောက်ကလွိုင်နန်းပတောင်အလှ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သိလျက်နဲ့ထိန်ချန်မှု'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို ဝနေ့၊ တနင်္ဂနွေမှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မုံးထမြို့ရှိ အောင်သိဒ္ဓိဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အသောကာရုံရွှေကျင်စာသင်တိုက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ ဓမ္မပီတိကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ တေဇနိမ္မိတာရုံကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါ်မိုင်းရပ်ကွက်ရှိ မဟာသုခိတာရာမတောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလ္လကပ္ပကျောင်းတိုက် ရွှေခေးဗိုလ်ကျောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ ရွှေစေတီကျောင်းတိုက်၊ ပြည်မြို့ မူယာပင်ရပ်ကွက်ရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၂-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာ အမှတ်(၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**❖ အကြမ်းဖက်အုပ်စုမှ**

တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နေ ကျော်စွာသည် ၎င်းအသုံးပြုသည့် “Kyaw Swar” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်နေ ခင်စောမျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Khin Saw Myo Win” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အောင်သုခရပ်ကွက်နေ ဘိုဘိုဇော်သည် ၎င်းအသုံးပြုသည့် “BoBo Zaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ယွန်းညိုချောသည် ၎င်းအသုံးပြုသည့် “Yoon Nyo Chaw” Facebook အကောင့်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ခိုင်ချမ်းမြေ့သည် ၎င်းအသုံးပြုသည့် “Khaing Chan Myae” Facebook အကောင့်၊ လသာမြို့နယ်နေ တင်ကိုဇော်သည် ၎င်းအသုံးပြုသည့် “Tin Ko Zaw” Facebook အကောင့်၊ လမ်းမတော်မြို့နယ်နေ ကျော်သီဟသည် ၎င်းအသုံးပြုသည့် “Kyaw Thiha”Facebook အကောင့်၊ အင်းစိန်မြို့နယ်နေ ဌေးဌေးလှိုင်သည် ၎င်းအသုံးပြုသည့် “Htay Htay Hlaing” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နေ ဖြူဖွေးသည် ၎င်းအသုံးပြုသည့် “Phwe Phwe” Facebook အကောင့်၊ ကလောမြို့နယ် ဟဲဟိုးမြို့ ရွာသစ်ရပ်ကွက်နေ ဇာခြည်ဝင်း(ခ)အေးမြချမ်းသည် ၎င်းအသုံးပြုသည့် “Zar Chi Win” Facebook အကောင့်နှင့် ညောင်ရွှေမြို့နယ်နေ အောင်သန်းကျော်သည် ၎င်းအသုံးပြုသည့် “Aung Than Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ ဘုရားပွဲတော် ဓလေ့ရိုးရာ

မာလာအောင် - ယဉ်ကျေးမှု



ရွှေစာရံဘုရားပွဲတော်

## နိဒါန်း

ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံချင်းစီတွင် ယဉ်ကျေးမှု၏ ခိုင်မာမှုနှင့် ဩဇာလွှမ်းမိုးမှုတို့သည် အဆိုပါနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေးတို့ကို ထင်ဟပ်စေပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်တစ်ခုဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဘိုးဘွားစဉ်ဆက်၏ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများကို ခေတ်အဆက်ဆက်မှစ၍ ယနေ့ခေတ်အထိတိုင်အောင် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များ၌ ပုံပြင်များ၊ စရိုက်လက္ခဏာများ၊ ဂီတ၊ အနုပညာ၊ ပြဇာတ်များနှင့် တိုင်းရင်းဆေးအစရှိသည်တို့ပါဝင်ပြီး ကွဲပြားသည့် ယဉ်ကျေးမှုများစွာဖြင့် ယနေ့တိုင် ရှင်သန်လျက်ရှိပါသည်။ အဆိုပါယဉ်ကျေးမှုတို့သည် မြန်မာအမျိုးသားတို့၏ နေ့စဉ် လုပ်ရိုးလုပ်စဉ်များ၊ ထုံးတမ်းစဉ်လာများနှင့် ဓလေ့ထုံးစံများ၌ သက်ဝင်ပါဝင်လျက် ရုပ်ဝတ္ထုအားဖြင့် ကိုင်တွယ်၍ ဖော်ပြမရဘဲ မြန်မာတို့၏ စိတ်နှလုံးတွင် အမြစ်တွယ်နေပြီး ကိန်းဝပ်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုများပင်ဖြစ်ပါသည်။

## ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များသည် နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုအားဖြင့်ဖြစ်စေ အတိတ်မှပစ္စုပ္ပန်အထိ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးသွားကြပါသည်။ အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် မှတ်တမ်းမှတ်ရာများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အတိတ်ကာလမှ ယနေ့ပစ္စုပ္ပန်ကာလအထိ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခုစီ၌ ရှင်သန်နေလျက်ရှိပါသည်။

ထိုသို့ရှင်သန်လျက်ရှိနေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များသည် လူမှုဘဝကဏ္ဍပေါင်းစုံတွင် နေ့စဉ်ဆောင်ရွက်နေသော်လည်း သတိပြုမှုနည်းပါးလှပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံများရှိ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ်ပေးရန်အတွက် အရေးကြီးလာသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို အပြန်အလှန်နားလည်လေးစားမှုသည် လူမှုအသိုက်အဝန်း၏ ပေါင်းစည်းမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအသိပညာ၏ အရင်းအမြစ်တစ်ခုဟု ဆိုနိုင်ပါသည်။ တစ်ဖက်တွင်လည်း ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။

## ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (၂၀၀၃)

ရုပ်ဝတ္ထုအားဖြင့် လက်ဆုပ်လက်ကိုင် မပြနိုင်/မထိတွေ့နိုင်သော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဆိုသည်မှာ လူမှုရေးအလေ့အထများ၊ ထုံးတမ်းဓလေ့များ၊ ပွဲလမ်းသဘင်များ၊ အသိပညာများ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဓလေ့ထုံးတမ်းများ သို့မဟုတ် ရိုးရာလက်မှုပညာများ ထုတ်လုပ်ရန် အသိပညာနှင့် အတတ်ပညာများကဲ့သို့သော ဘိုးဘွားစဉ်ဆက်တို့၏ ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းနေခြင်းပင်ဖြစ်ပါသည်။ ဘိုးဘွားအမွေအနှစ်များ ပျောက်ကွယ်မှုတို့ကြောင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (The United Nations Educational, Scientific and Cultural Organization – UNESCO) သည် ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ချုပ်ဆိုခဲ့သည်–

၁။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်၊
၂။ လူမှုအသိုက်အဝန်းများ၊ အဖွဲ့များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားလိုက်နာရန်၊
၃။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ အရေးပါမှုကို ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များတွင် သိရှိနားလည်စေရန်၊
၄။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများ ပံ့ပိုးပေးရန်။

မြန်မာနိုင်ငံက ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် ယူနက်စကို၏ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၌ ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

## ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (ယူနက်စကို) က ဒြပ်မဲ့ယဉ်ကျေးမှုအား သတ်မှတ်ရာတွင် အောက်ဖော်ပြပါ နယ်ပယ်ငါးရပ်ဖြင့် ခွဲခြားသတ်မှတ်ထားပါသည်–

၁။ ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များ (ဥပမာ– ရိုးရာစကားပုံ၊ စကားထာများ)၊
၂။ ဖျော်ဖြေတင်ဆက်မှုအနုပညာများ(ဥပမာ– ရိုးရာအက၊ ရိုးရာဂီတ)၊
၃။ လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ (ဥပမာ–ဘုရားပွဲတော်၊ ကောက်သစ်စားပွဲ)၊
၄။ သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများ (ဥပမာ– တိုင်းရင်းဆေး၊ ဗေဒင်)၊
၅။ ရိုးရာလက်မှုပညာ (ဥပမာ–ရိုးရာပန်းဆယ်မျိုး)။

## ပွဲတော်

အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှု၌ နယ်ပယ်ငါးရပ်အနက် ယခုရေးသားတင်ပြသည့်ဆောင်းပါးသည် တတိယမြောက် ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်ဖြစ်သည့် “လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ” ကို အထူးပြုတင်ပြမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ✲



ရွှေစာရံဘုရားပွဲဈေး ခင်းကျင်းထားမှုကိုတွေ့ရစဉ်။

> မြန်မာနိုင်ငံ၏အရေးပါဆုံးနှင့် လူထုနှင့်အရင်းနှီးဆုံးဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် ဘုရားပွဲတော်များ၏ လုပ်ငန်းစဉ်များနှင့် ဓလေ့ထုံးတမ်းများကို မှတ်တမ်းမှတ်ရာသုတေသနပြုစုခြင်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို စနစ်တကျပြုလုပ်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အတူ မြန်မာတို့၏ နှလုံးသည်းပွတ်ပမာအရေးပါသည့် ဘုရားပွဲတော်များကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရေးမြှင့်တင်ပေးနိုင်မည်

✲ စာမျက်နှာ ၁၆ မှ

ယင်းအစဉ်အလာပွဲတော်များသည် တစ်နေရာတည်း သို့မဟုတ် သတ်မှတ်ထားသည့်နေရာတွင် အထူး သတ်မှတ်သည့် တစ်နေ့တာ သို့မဟုတ် အချိန်ကာလ တစ်ခုၣ် ဂီတဖျော်ဖြေပွဲများ သို့မဟုတ် ပြဇာတ်များ ကဲ့သို့သောအထူးပွဲများ၊ အစားအသောက်ပွဲများ သို့မဟုတ် အခမ်းအနားများဖြင့် လူစုလူဝေးများပါဝင်ပြီး ကျင်းပဆောင်ရွက်လေ့ရှိပါသည်။ ကမ္ဘာပေါ်၌ ဘာသာရေးပွဲတော်များ၊ အနုပညာပွဲတော်များ၊ ရာသီပွဲတော်၊ အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာပွဲတော်များ ဟူ၍ ပွဲတော်အမျိုးအစား အမျိုးမျိုးရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်သစ်ကူးပွဲတော်၊ ဘုရားပွဲတော်များ၊ ဆယ့်နှစ်ရာသီအလိုက်ပွဲတော်များနှင့် ဒေသဆိုင်ရာပွဲတော်များမှာ လူသိများကြပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိသည့်အတွက် နှစ်သစ်ကူးပွဲတော်များသည် ကွဲပြားစွာကျင်းပလေ့ရှိကြပါသည်။ ဘုရားပွဲတော်များကိုလည်း အချိန်အခါအလိုက် နေရာအမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် ကျင်းပကြသည်။

## မြန်မာနိုင်ငံရှိ ဘုရားပွဲတော်များ

၂၀၁၈ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၃ ဒသမ ၇၁ သန်းရှိပြီး ၈၈ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မြင်သာထင်သာရှိသော ယဉ်ကျေးမှုအမွေအနှစ်နေရာတစ်ခုအဖြစ် ဘုရားစေတီများစွာ တည်ရှိနေပြီး အဆိုပါဘုရားများတွင် ကျင်းပသော ပွဲတော်များစွာရှိပါသည်။ ရပ်ရွာလူထုက မြင်သာထင်သာရှိသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage – TCH) ဖြစ်သည့် စေတီပုထိုးအပေါ်အခြေခံ၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage – ICH) ဖြစ်သည့် ဘုရားပွဲတော်ကို ကျင်းပလေ့ရှိပါသည်။ ထို့ကြောင့် ဘုရားပွဲတော်တို့သည် ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုတို့၏ ရှင်သန်နိုင်စွမ်းအားမြှင့်တင်ပေးနိုင်သည့်ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်ပေသည်။

## ဘုရားပွဲ၏ရည်ရွယ်ချက်နှင့် ဘုရားပွဲရက်သတ်မှတ်မှု

ဘုရားပွဲတော်များကို စေတီတော်များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် သံဃာများ ဆွမ်းအခက်အခဲများ မကြုံတွေ့ရန် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ဆွမ်းလှူဒါန်းခြင်းများပြုလုပ်၍ ဘုရားပွဲတော်နှင့်အတူ ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ပွဲများကိုပါ ထည့်သွင်း၍ ပျော်ရွှင်စွာကျင်းပလေ့ရှိကြပါသည်။

မြင်သာထင်သာရှိသော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံ၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ပေါ်ပေါက်လာသည့် ဘုရားပွဲတော်များကို ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း၍ နှစ်စဉ်ကျင်းပကြပါသည်။ ထိုကဲ့သို့နှစ်စဉ်ကျင်းပသောဘုရားပွဲတော်များကို မြတ်ဗုဒ္ဓပူဇနိယပွဲတော်ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ ဘုရားပွဲတော်သည် ဒေသခံတို့အတွက် အရေးပါသည့်ပွဲတော်တစ်ခုပင်ဖြစ်ပါသည်။

အေဒီ ၁၈၁၃ ခုနှစ်(မြန်မာသက္ကရာဇ်– ၁၁၇၅) ၌ စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် အခြားနေရာများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သံဃာတော်များ ဆွမ်းအခက်အခဲများ ကြုံတွေ့ကြရသည်။ အဆိုပါဒုက္ခမျိုးမှ ထာဝစဉ်ကင်းဝေးစေရန် ရဟန်းသံဃာများနှင့် ပညာရှိပုဂ္ဂိုလ်များ ပူးပေါင်း၍ ကြံဆခဲ့ရာ ဒေသတွင်းရှိ စေတီပုထိုးများကို သီတင်းစဉ်အလိုက် ဘုရားပွဲတော်များကျင်းပ၍ ဆွမ်းလောင်းကပ်လှူကုသိုလ်ယူကြရန် ဆုံးဖြတ်စီစဉ်ခဲ့ကြသည်။ ဘုရားပွဲတော်များကို စာရေးတံမဲချ၍ သတ်မှတ်ပြီး အလှည့်ကျ ဝါတွင်း/ ဝါပ သီတင်းစဉ်အလိုက် ဆွမ်းလောင်းပွဲများ ကျင်းပခဲ့ကြပါသည်။

အချို့ဘုရားပွဲတော်၏ ကျင်းပသည့်နေ့ရက်ကို ဘုရားထီးတော်တင်သည့် နေ့ကိုလည်းကောင်း၊ ပထမပန္နက်ချသည့်နေ့ကိုလည်းကောင်း၊ ဒေသတွင်း ကောက်ပဲသီးနှံရိတ်သိမ်းသည့်ကာလကိုလည်းကောင်း အခြေခံ၍ ပွဲတော်ရက်များ သတ်မှတ်ကြပါသည်။ ပွဲတော်ရက်သတ်မှတ်မှု၌ မြန်မာပြက္ခဒိန်ကို အသုံးပြုခဲ့ကြပါသည်။

## ဘုရားပွဲနှင့်သက်ဆိုင်သူများ

ဘုရားပွဲတွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်တတ်ကြပါသည်။ အထူးသဖြင့် ဘုရားပွဲကျင်းပရာ ဒေသခံအများအပြားသည် ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် အခြားမြို့များတွင် နေထိုင်အလုပ်လုပ်ကိုင်ကြသော်လည်း ဘုရားပွဲအချိန်ကာလ၌ ၎င်းတို့၏ဇာတိသို့ ပြန်လည်ရောက်ရှိကြပြီး မပျက်မကွက် ပါဝင်ဆင်နွှဲတတ်ကြပါသည်။


ရွှေဘိုမြို့ မြို့ထောင့်စေတီဘုရားပွဲဈေးမြင်ကွင်း။

ဘုရားပွဲတော်သည် ဘုရားဂေါပကများ၊ ဒေသခံလူထုနှင့် ဈေးရောင်းသူများ စသည့်ဘုရားပွဲတော်နှင့် သက်ဆိုင်သူများနှင့် မြန်မာလူမျိုးများ၏ လူမှုရေး၊ စီးပွားရေးတို့နှင့် ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

## ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး

နိုင်ငံတိုင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကိုအခြေခံ၍ ထိုနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းများ ရှင်သန်လျက်ရှိပါသည်။ ယဉ်ကျေးမှုများစွာ ရှင်သန်နေသည့်ဒေသများသို့ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးတို့သည် တစ်ခုအပေါ်တစ်ခု အမှီသဟဲ ပြုနေကြပေသည်။

ထင်ရှားသည့်ဘုရားပွဲတော်များတွင် ဘုရားဖူးခရီးသွားကားများ အထူးစီစဉ်၍ ဒေသအသီးသီးမှ ဘုရားပွဲတော်သို့ လာရောက်ဆင်နွှဲကြပါသည်။ ဤသို့ဖြင့် ခရီးသွားလုပ်ငန်းများလည်း ဘုရားပွဲတော်နှင့်အတူ ရှင်သန်လာပါသည်။

## ဘုရားပွဲနှင့် မြန်မာ့ဇာတ်ပွဲ

ဘုရားပွဲတော်များ၌ ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲများ ငှားရမ်းပြသကြသည်။ ဇာတ်ပွဲများတွင် အခကြေးငွေဖြင့် ရုံသွင်းပြသည့် ဇာတ်ပွဲများရှိသကဲ့သို့ အခကြေးငွေမပေးရဘဲ အများပြည်သူ ကြည့်ရှုနိုင်စေရန် လေဟာပြင်ကွင်း၌ ပြသသည့်ဗလာပွဲလည်းရှိသည်။ အချို့ဘုရားပွဲတော်များ၌ ဂေါပကအဖွဲ့က ဇာတ်ပွဲများကို ငွေကြေးဖြင့်ငှားရမ်း၍ ရပ်ရွာပြည်သူများ ကြည့်ရှုစေရန် ဗလာပွဲများပြသလေ့ရှိပြီး ဇာတ်ပွဲကန်ထရိုက်များက ဇာတ်ပွဲများကို ငွေကြေးဖြင့် ငှားရမ်းပြီး ဇာတ်ရုံများတည်ဆောက်၍ ငွေကြေးဖြင့် ပြသကြပါသည်။

## ဘုရားပွဲတော်နှင့် ဆယ့်နှစ်ပွဲဈေးသည်

အချို့သောပွဲတော်များတွင် ဒေသခံပြည်သူများ လိုအပ်သည့်ကုန်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ရပ်ဝေးမှ လာရောက်ရောင်းချကြသကဲ့သို့ ဒေသထွက်ကုန်များကို အလည်ရောက်ရှိသည့် ဘုရားဖူးများဝယ်ယူနိုင်ရေးအတွက် ဒေသခံများက ပြန်လည်ရောင်းချတတ်ကြပါသည်။ ထို့ကြောင့် ဘုရားပွဲတော်နှင့်အတူ ဈေးဆိုင်ခန်းများလည်းပေါ်ပေါက်လာကြပါသည်။ ထိုသို့ အရောင်းအဝယ်များကြောင့် ဘုရားပွဲနှင့်အတူ ပွဲတော်၌ရောင်းချသည့် ဈေးသည်များလည်း ထွန်းကားလာကြပါသည်။ ဆယ့်နှစ်လရာသီကာလပတ်လုံး ဘုရားပွဲတော်များရှိ ပွဲဈေးများ၌ လိုက်လံရောင်းချသူများကို "ဆယ့်နှစ်ပွဲဈေးသည်များ" ဟူ၍ ယေဘုယျခေါ်ဝေါ်ကြပါသည်။ အထူးသဖြင့် တပို့တွဲ၊ တပေါင်းလနှင့် တန်ခူးလများတွင် မင်းဘူးမြို့ မန်းရွှေစက်တော်ဘုရားပွဲတော်၊ ကဆုန်လတွင် စလင်းမြို့ ရွှေပြည်အေးဘုရားပွဲတော်၊ နယုန်လတွင် ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲတော်၊ ဝါဆိုလတွင် မန္တလေးမြို့အနီး ရွှေကုံသာဘုရားပွဲတော်၊ ဝါခေါင်လတွင် မြင်းမူမြို့ ရှင်ပင်ရွှေစောလူးဘုရားပွဲတော်၊ တော်သလင်းလတွင် ရွှေဘိုမြို့ မြို့ထောင့်စေတီဘုရားပွဲတော်၊ သီတင်းကျွတ်လတွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်၊ တန်ဆောင်မုန်းလတွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားပွဲတော်၊ နတ်တော်လတွင် ကျောက်ပန်းတောင်းမြို့ စေတီကြီးဘုရားပွဲတော်၊ ပြာသိုလတွင် ပုဂံမြို့ အာနန္ဒာဘုရားပွဲတော်အစရှိသည့် ဘုရားပွဲတော်များ၌ လိုက်လံရောင်းချသည့်ဈေးသည်များကို ဆယ့်နှစ်ပွဲဈေးသည်ဟု ခေါ်ဝေါ်ကြပါသည်။

## တွေ့ကြုံနေရသည့် အခြေအနေ

ဒေသခံအသိုက်အဝန်းများ၊ အဖွဲ့များနှင့်တစ်ဦးချင်းတို့က ၎င်းတို့၏အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများစွာဖြင့် မြန်မာနိုင်ငံရှိမတူညီသောဒြပ်မဲ့ယဉ်ကျေးမှုကို ရှင်သန်အောင်ဆောင်ရွက်လျက်ရှိပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့သည် နိုင်ငံ၏စိန်ခေါ်မှုများစွာကို ဖြေရှင်းနေသည်ဟုပင်ဆိုနိုင်ပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအကာအကွယ်ပေးရေး အစီအမံများကိုလည်း လူအများနားလည်စေရန် မျှဝေပေးသည့်လုပ်ငန်းစဉ်သည် အမှန်တကယ်ပင် အရေးကြီးလှပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး စသည့်လုပ်ငန်းများကို နိုင်ငံတော်အဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်ပြီး မည်သည့်ပုံစံဖြင့် ကျင့်သုံးဆောင်ရွက်ရမည်ကို စဉ်းစားရန်လိုအပ်လှပါသည်။

လက်ရှိတွင် ကျွန်ုပ်တို့၏အမွေအနှစ်များသည် ရာသီဥတု၊ သဘာဝဘေးအန္တရာယ်နှင့် လူတို့၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။ မကြာသေးမီနှစ်များအတွင်းတွင် ယဉ်ကျေးမှုနယ်ချဲ့ဝါဒ၏ လမ်းကြောင်းသည် တိုးမြင့်လာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုများသည် တိုင်းတစ်ပါး၏ ယဉ်ကျေးမှုတို့ လွှမ်းမိုးမှုခံနေရပါသည်။ အချို့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ ပျောက်ကွယ်လုနီးပါးအခြေအနေများကို ကျွန်ုပ်တို့ ကောင်းစွာသိရှိထားသင့်ပါသည်။ ယင်းမှာ အဓိကအားဖြင့် မှတ်တမ်းပြုစုခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အရေးပါမှုတို့ကို သိရှိမှုနည်းပါးခြင်းကြောင့်ဖြစ်ပေသည်။ ပွဲတော်ကျင်းပရာနေရာများ သို့မဟုတ် ထင်ရှားကျော်ကြားသော စေတီပုထိုးများကို အဖွဲ့အစည်းအသီးသီးက ယဉ်ကျေးမှုအမွေအနှစ် စာရင်းသွင်းခဲ့ကြသည်ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့် အချက်အလက်စုဆောင်းမှု အားနည်းလှပါသည်။ အဆိုပါပြဿနာများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနဆိုင်များမှ ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်း ကောက်ယူမှုပုံစံ (ICH Inventory Form) ဖြင့် မှတ်တမ်းတင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အချက်အလက်များကို စနစ်တကျစုစည်းထားရှိမှု (Data Base) တစ်ခု ဖန်တီး၍ အဆိုပါအချက်အလက်များသည် ယဉ်ကျေးမှုအမွေအနှစ်ကို မပျောက်ပျက်အောင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလာရေး မြှင့်တင်မှုကိုလည်း ပံ့ပိုးပေးရန် လိုအပ်ပါသည်။ ခရီးသွားလာရေးမြှင့်တင်ရာတွင် ယဉ်ကျေးမှုမဏ္ဍိုင်ကို ရေရှည်ခိုင်မြဲနိုင်ရေး ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပါသည်။

အလားတူ ဘုရားပွဲတော်နှင့်သက်ဆိုင်သူများ၊ အုပ်ချုပ်ရေးမှူးများ၊ ဈေးသည်များနှင့် ဒေသခံများသည် ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်စေရန် သာမက ဆွဲဆောင်မှုရှိသော၊ နားလည်ရလွယ်ကူသော၊ အဆင်ပြေသာယာမှုများရှိသော၊ အထောက်အကူပြုသော နောက်ဆက်တွဲအကျိုးများပါဝင်သည့် (Attraction, Accessibility, Amenities and Ancillary – A4s) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တို့ကို ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်ရန်လည်း အရေးကြီးလှပါသည်။ သို့သော် အဖွဲ့အစည်းတစ်ခုချင်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပါသည်။ ထို့အပြင် ဘုရားပွဲတော်၏ ထုံးတမ်းစဉ်လာများနှင့် လုပ်ငန်းစဉ်များအကြောင်း အများပြည်သူသိရှိမှုနည်းပါးလှပါသေးသည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ်လလယ်မှ စတင်၍ ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် ဘုရားပွဲတော်များကို ယခင်နှစ်များကဲ့သို့ ကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ သို့သော် ဘုရားပွဲတော်များ၏အခြေခံဖြစ်သည့် ဆွမ်းလောင်းလှူခြင်းများကို ဒေသခံပြည်သူများ၊ ဒေသတွင်းအုပ်ချုပ်သူများနှင့် ဂေါပကအဖွဲ့တို့ပူးပေါင်းပြီး ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျဉ်းချုံး၍ ဆောင်ရွက်ခဲ့ကြပါသည်။ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဘုရားပွဲတော်ကို အမှီတံကဲစီးပွားရှာကြရသည့် ဆယ့်နှစ်ပွဲ ဈေးသည်များ၊ ဇာတ်ပွဲကသူများ၊ ဘုရားပွဲဆိုင်ရာကန်ထရိုက်များနှင့် ခရီးသွားလုပ်ငန်းများအတွက် စိန်ခေါ်မှုများ များစွာကြုံတွေ့ကြရသည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၌ စိန်ခေါ်မှုများ ရင်ဆိုင်နေရပါသည်။ ဤအခြေခံစိန်ခေါ်မှုနှစ်ရပ်မှာ–

၁။ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာစိန်ခေါ်မှုနှင့်

၂။ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုတို့ပင်ဖြစ်ပါသည်။

## နိဂုံး

ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအဆင့်အားလုံး၌ နိုင်ငံများ၏ သန်းနှင့်ချီသောအလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများသည် ခရီးသွားကဏ္ဍကို အဓိကမှီခိုနေကြရပါသည်။ ခရီးသွားလုပ်ငန်းသည် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်းအတွက် မောင်းနှင်အားတစ်ခုဖြစ်ပြီး နောင်လာနောက်သားများ ခံစားစံစားနိုင်စေသည်ဟု The World Tourism Organization (UNWTO) ၏ အထွေထွေအတွင်းရေးမှူး မစ္စတာ Zurab Pololikashvil က ဆိုထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အရေးပါဆုံးနှင့် လူထုနှင့် အရင်းနှီးဆုံးဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် ဘုရားပွဲတော်များ၏ လုပ်ငန်းစဉ်များနှင့် ဓလေ့ထုံးတမ်းများကို မှတ်တမ်းမှတ်ရာသုတေသနပြုစုခြင်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို စနစ်တကျပြုလုပ်ပါက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အတူ မြန်မာတို့၏ နှလုံးသည်းပွတ်ပမာအရေးပါသည့် ဘုရားပွဲတော်များကိုလည်း ရေရှည်တည်တံ့ခိုင်မြဲရေး မြှင့်တင်ပေးနိုင်မည်ဟု အကြံပြုရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း – လူထုဒေါ်အမာ၊ ၁၂ ပွဲဈေးသည်နှင့် ကျွန်မတို့အညာ၊ ၂၀၀၂။**
**– မြန်မာ့စွယ်စုံကျမ်း အတွဲ – ၈ (အပိုင်း–ခ)**

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ




## ပြည်

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အကြိုကျင်းပသည့် စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၂နာရီက အဆိုပါတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်တက္ကသိုလ်၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဘာသာရပ်စုံ သင်တန်းအသီးသီးမှ ကျောင်းသား ကျောင်းသူ ၂၈ ဦးအနက် ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အထူးဆုများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များက ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနား

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် "သွေးချင်းတို့ရဲ့ ပြည်ထောင်စု" ခေါင်းစဉ်ဖြင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၁ ကျောင်းမှ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပထမ၊ ဒုတိယ၊ တတိယဆုအပြင် အထူးဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟောပြောပွဲနှင့် အလယ်တန်း အရုပ်ခေါက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းနှင့် နေ့ထူးနေ့မြတ်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် အလယ်တန်းအဆင့် လက်မှုအတတ်




ပညာဖြစ်သည့် အရုပ်ခေါက်ပြိုင်ပွဲကို ကျင်းပရာ မူလွန်(ကွက်သစ်)ကျောင်းမှ အလယ်တန်းဆင့် ကျောင်းသူ ၁၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် မြို့မ အ.လ.က ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စဉ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဘိုဘိုဟန်က ကျောင်းသားကျောင်းသူများအား အသိပညာဗဟုသုတ ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးဝင်းကြည်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ပြည်ထောင်စုနေ့ အကြောင်းသိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ၊ စကားပုံဆက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလိန်အောင်

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာအုပ်စာစောင်ပြပွဲကို ထားဝယ်ခရိုင် ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သုတ/ရသစာပေများကိုစုံလင်စွာပြသပေးခဲ့ရာ အ-ထ-က ကလိန်အောင်မှ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မိုးမိုးခိုင်**

## ပင်းတယ

စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ပင်းတယ) ရုံးရှိ ပြည်သူလူထုအခြေပြုဗဟိုဌာန ခန်းမတွင်




ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "စိန်ရတုမှသည် ပြည်ထောင်စုသစ်ဆီသို့" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းဆရာ ဆရာမများကကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **ပင်းတယ (ပြန်/ဆက်)**

## လပွတ္တာ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ့်အားမာန်သင်တန်းကျောင်းတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာအုပ်ပြပွဲ ကျင်းပသည်။

အဆိုပါ ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြိုအဖြစ် ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်၍ စာကြည့်တိုက်အားအသုံးပြုတတ်စေရေးရည်ရွယ်၍စာကြည့်တိုက်ရှိ သုတ၊ ရသစာအုပ်များအား ပညာရပ်အလိုက်ပြသပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြဝတီ

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်းမူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့ကို ကျောင်းသား ကျောင်းသူ ၂၀ က ပါဝင်ယှဉ်ပြိုင်ကြပြီးပြိုင်ပွဲဆုရ ကျောင်းသားသူများအား ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆုများအသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခန်းမတွင် ကျောင်းသား ကျောင်းသူများ ပုံပြင်ပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

ပုံပြင်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က မိမိတို့ ကြိုက်နှစ်သက်ရာ ပုံပြင်ခေါင်းစဉ်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပေါင်းစုစွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရေးရှု ပြည်ထောင်စု

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ

# တောင်ငူမြို့ လောကမာရဇိန်နန်းတော်ဦးကျောင်းအတွင်း ဆောက်လုပ်လှူဒါန်းမည့် ဓမ္မသမိဒ္ဓိဓမ္မာရုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ လောကမာရဇိန်နန်းတော်ဦးကျောင်းအတွင်း ဆောက်လုပ်လှူဒါန်းမည့် ဓမ္မသမိဒ္ဓိဓမ္မာရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တတိက္ခသာရအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက ဓမ္မသမိဒ္ဓိဓမ္မာရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ပန္နက်တော်တင်လှူ**

ဆက်လက်၍ ဓမ္မသမိဒ္ဓိ ဓမ္မာရုံ ဆောက်လုပ်မည့် မြေနေရာတွင် သံဃာတော်များ၊ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက မင်္ဂလာအချိန်ကျရောက်သည်နှင့် ရတနာပန္နက်တော်များကို ဘုရားဂုဏ်တော် ကိုးပါးနှင့်အညီ ကိုးချက်ရိုက်ကာ အမွှေးနံ့သာများ ပက်ဖျန်းပြီး ပန္နက်တော်တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းလေးဒေသအတွင်း ကုန်းမြေပေါ်ယာမြေများတွင် ခရမ်းစိုက်ခင်းများ စမ်းသပ်စိုက်ပျိုးအောင်မြင်

**ညောင်ရွှေ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ အင်းပေါ်ခုံကျေးရွာအုပ်စု ရွာကြီးကျေးရွာအနီး ဝန်းကျင်ရှိ ယာမြေများတွင် ခရမ်းပင်များ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အင်းလေးဒေသတွင် ခရမ်းစိုက်ပျိုးကြရာ၌ ယခင်က ကျွန်းမျောများတွင်သာ အများဆုံး စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ ကုန်းမြေပေါ် ယာမြေများတွင်လည်း စမ်းသပ်စိုက်ပျိုးလာကြကြောင်း၊ အများဆုံးစိုက်ပျိုးသည့် ခရမ်းမျိုးမှာ ၇၂ မျိုးဖြစ်ကြောင်း၊ ခရမ်းပင်သည် စိုက်ပျိုးပြီး နှစ်လကျော်သားအရွယ်မှစတင်၍ အသီးဆွတ်ခူးနိုင်ကြောင်း၊ ခရမ်းပင်သည် ပြုပြင်ပေးပါက နှစ်နှစ်ခန့်အထိ သက်တမ်းရှည်ပြီး တစ်ပတ်လျှင် တစ်ကြိမ် အသီးဆွတ်ခူးနိုင်ကြောင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လများသည် ခရမ်းသီးရာသီဖြစ်သောကြောင့် အထွက်နှုန်းပိုများကြောင်း၊ အခြားကာလများထက် အထွက်နှုန်း သုံးဆခန့် ပိုများကြောင်း၊ ယခုအခါ ပေ ၃၀၀ ခန့်ရှိ ခရမ်းစိုက်ခင်း ပေါင်တစ်ပေါင်မှ တစ်ပတ်လျှင် ခရမ်းသီး ပိဿာချိန် ၄၀ ခန့် ဆွတ်ခူးရရှိ၍ စိုက်ခင်းတစ်ခုလုံး ၃၈ ပေါင်မှ ခရမ်းသီး ပိဿာချိန်ပေါင်း တစ်ပတ်လျှင် ၁၅၀၀ ကျော် ဆွတ်ခူးရရှိကြောင်း၊ ခရမ်းသီးများကို အနယ်နယ် အရပ်ရပ်သို့ တင်ပို့ရောင်းချပြီး အောင်ပန်းမြို့ရှိ ခရမ်းသီးကုန်သည်များက စိုက်ခင်းသို့လာရောက်ကာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ပေး၍ ဝယ်ယူကြကြောင်း ခရမ်းစိုက် တောင်သူတစ်ဦးဖြစ်သူ အင်းပေါ်ခုံကျေးရွာနေ ဦးကျော်ဆန်းလင်းက ပြောသည်။



**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၁၉၉ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အတွင်း ကုမ္ပဏီရှစ်ခုမှ ယာဉ်စီးရေ ၁၉ စီးဖြင့် နှာခေါင်းစည်း ၁၂၁ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

ဝတ္ထုတို

## လေးဝတီစိုးမောင်ကြည်




(၁)

အမေသည် ပုရွက်ဆိတ်အမည်းကောင်များ စုပုံပြီးတက်နေသည့် မုန့်တစ်ချပ်ကို မှုတ်ခါဖယ်ထုတ်လျက် သူ့မြေးအား ခွံ့ကျွေးနေလေ၏။ မြေးဖြစ်သူကလည်း ပါးစပ်ဟောင်းလောင်းဟလျက် သူ့အဘွားခွံ့ကျွေးသည်ကိုပင် ဇိမ်ခံစားလျက်ရှိသည်။ အမေသည် ပုရွက်ဆိတ်အမည်းကောင်များကို ဖယ်ထုတ်လိုက်၊ သူ့မြေးကို ခွံ့ကျွေးလိုက်ဖြင့် အလုပ်တစ်ခု ရှုပ်နေလေ၏။

ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်က ဝန်ထမ်းများဖြစ်ကြသည့်အခါ သားအတွက် အချိန်ပေးဖို့ခက်လှသည်။ ထိုအခါ အမေ့ကို အပူကပ်ရသည်။ အမေကလည်း သူ့မြေးကို လာထိန်းပေးသည်။ ကျွန်တော်တို့ ရုံးဆင်းလာသည့်အခါ အမေသည် သူ့မြေးနဲ့ အလုပ်ရှုပ်လျက် တွေ့ပြန်သည်။

မြေးဖြစ်သူကလည်း မုန့်ချပ်တွင် ပုရွက်ဆိတ်အမည်းကောင်များ ကပ်ပါလာလျှင် "မချားဂျင်ဘူး၊ မချားဂျင်ဘူး" ဟု ဆိုတတ်သည်။ အဘွားနေရာ ရထားသည့် ကျွန်တော့်အမေ့မှာ သူ့မြေးစိတ်တိုင်းကျ လုပ်ပေးနေရ၏။ အမေသည် သူ့မြေးဆိုးသမျှ စိတ်ရှည်သည်းခံပေးတတ်၏။ နှစ်နှစ်မပြည့်တပြည့် ကျွန်တော့်သားက သူ့အဘွား မုန့်ခွံ့ကျွေးမှ မြိန်ရေယှက်ရေစားတတ်သည်။ ဖခင်ဖြစ်သည့် ကျွန်တော်ပင်လျှင် အမေလောက် စိတ်ရှည်မည်မဟုတ်။ ကျွန်တော်က "ပုရွက်ဆိတ်ပါရင် ဘာဖြစ်မှာမို့လဲ အမေရယ် ပုရွက်ဆိတ်ပါခွံ့ကျွေးလိုက်ပါလား။ မျက်စိအမြင်တောင် အားကောင်းသေးတာပဲ" ဟု ပြောလိုက်သည့်အခါ အမေသည် ကျွန်တော့်ကို မော့ကြည့်လျက် မျက်ဝန်းအနည်းငယ်ညှိုးသွားလေသည်။

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် အမေသည် တစ်ခုခုကို သတိရသွားပုံပေါ်၏။ ထို့နောက် အမေသည် ကျွန်တော့်ကို တစ်ခုခုပြောမည်ကြံ၏။ ပြောမည်ကြံတိုင်း ရင်ထဲ၌ ဆို့နစ်နေပြန်၏။

"သားကို အမေ တောင်းပန်ပါတယ် ငါ့သားရယ်။ တကယ်တော့ အဲဒါတွေဟာ အမှန်မဟုတ်ပါဘူးကွယ်။ အမေတို့က သားအတွက်" အမေသည် စကားကို ပြောမထွက်ဘဲ ဆို့နစ်နေပြန်၏။ မျက်ရည်မကျအောင် အားတင်းပြီး ထိန်းလိုက်ရ၏။ အမေဆက်ပြောသည့် စကားကြောင့် ကျွန်တော့်မှာ မျက်ရည်ဝဲမိ၏။ အမေ့စကားကြားရသည့်အခါ "ဪ အမေရယ်"ဟု နှုတ်က အလိုလိုရေရွတ်မိလေသည်။

(၂)

ကျွန်တော် ဒုတိယတန်းတက်သည့်နှစ်က အမေတို့ စီးပွားရေးအဆင်မပြေကြ။ ထိုနှစ်က ဝမ်းစာ စပါးပင်မရှိ။ အဖေတို့ လယ်လုပ်စားကြသည့်နေရာမှာ ဆားငန်ရေ ဒီရေရောက်တောများကို ခုတ်ထွင်ရှင်းလင်းလျက် တူရွင်းဖြင့် ဆည်တမံဖို့ကာ လယ်လုပ်စားကြရခြင်းဖြစ်သည်။ ထိုဆည်တမံသည် ဒီရေလွတ်ရုံအဆင့်သာရှိသည်။ ထူးကဲဒီရေများကြီးသည့်အခါ ဆည်များ ဒလဟောပေါက်ထွက်ကုန်ကြ၏။ ထိုအခါ လယ်တစ်မိုး ပင်ပင်ပန်းပန်း လုပ်ထားသည့် တောင်သူများမှာ ဆားငန်ရေကြောင့် စပါးများ ပျက်စီးကုန်ကြသည်။

ထိုနှစ်က အမေတို့ ဝမ်းစာမရခြင်းသည် ထူးကဲဒီရေကြီးမှုကြောင့်ဟု ဆို၏။

ခါတိုင်းနှစ်ဆိုလျှင် စပါးဝမ်းစာ၊ ဆန်ဝမ်းစာ လုံလုံလောက်လောက်ရှိသည်။ စပါးဝမ်းစာ ပူပင်စရာမလို။ စပါးဝမ်းစာကို ကျီတည်၍ပင် ထားနိုင်သည်။ အခု စပါးဝမ်းစာ မလုံလောက်သည့်အခါ အဖေနှင့်အမေသည် ကြံ့ရာမတတ်ဖြစ်နေကြ၏။ နောက်ဆုံးတွင် အဖေသည် ရွာက အိမ်နှင့်ခြံကိုရောင်းလျက် ရွာအပြင် လယ်တဲသို့ ပြောင်းရွှေ့ကြ၏။ လယ်ပြင်၌ တဲဆောက်ကာ ကြက်၊ ဝက် မွေးမြူရေး လုပ်ငန်းလုပ်ကြသည်။ ရွာနှင့် လယ်တဲသည် သုံးမိုင်ခန့်ဝေး၏။ လယ်တဲ၌ အမေသည် စိုက်ခင်းလုပ်သည်။ အဖေက ကြက်နှင့်ဝက်ကို အစာကျွေးသည်။ အဖေနှင့်အမေကို ကြည့်ရသည်မှာ အားသည်ဟူ၍မရှိ။ ဟောင်းနွမ်းစုတ်ပြဲနေသည့် အဖေ့ကျောကုန်းက စွပ်ကျယ်အင်္ကျီသည် လက်နီးစုတ်သာသာရှိ၏။ နေမင်း၏ အပူရှိန်ကြောင့် ထင်ပါ၏။ အဖေ့အသားအရေသည် မည်းမည်းညိုညိုပင်ဖြစ်၍ နေလေသည်။ မိုးဦးကျသည့်အခါ အဖေ လယ်လုပ်ပြန်သည်။ အမေက ကောက်စိုက်သည်။

ကျွန်တော့်မှာ လယ်တဲကနေ ရွာသို့ ကျောင်းသွားတက်ရသည်။ အဖော်ဟူ၍မရှိ။ မိုးကြီးလေကြီးတိုက်သည့်အခါ အမေကိုယ်တိုင် ကျောင်းလိုက်ပို့ရသည်။ ကျောင်းနှင့် လယ်တဲသည် သုံးမိုင်နီးနီး ဝေး၏။ ထိုသုံးမိုင်ခန့် ဝေးသည်ကိုပင်လျှင် နေ့တိုင်း ခြေကျင်သွားရဖန်များလာသည့်အခါ ကျွန်တော့်မှာ ဝေးသည်ဟုပင် မထင်မိ။ ကျောင်းကိုသွားသည့်လမ်းသည် လယ်ကန်သင်းများကို ဖြတ်လျက်သွားရသည်။ ရွာနဲ့ ခပ်လှမ်းလှမ်းတွင် ဝါးတံတားဖြင့် ထိုးထားသည့် ချောင်းငယ်တစ်ခု ရှိသည်။ ကျွန်တော့်မှာ ထိုချောင်းငယ်ကို နေ့တိုင်းဖြတ်ရ၏။ တစ်ခါတလေ ထိုချောင်းငယ်သည် မိုးကြီးသည်းထန်ရွာသည့်အခါ တောင်ကျရေကြောင့် တံတားပါ ကျိုးပျက်ကုန်၏။ တစ်နေ့၌ ကျွန်တော် ကျောင်းဆင်းလာသည့်အခါ တောင်ကျရေကြောင့် တံတားမှာ ကျိုးပျက်နေ၏။ ရွာပြန်သွားဖို့လည်း အဆင်မပြေ။ တဲသို့ ရောက်ဖို့လည်း တစ်မိုင်ကျော်ခန့်ဝေး၏။ အဖော်ဟူ၍ မည်သူမျှမပါ။ ကျွန်တော်သည် ရေမကူးတတ်။ ရေနစ်လျှင် သေဖွယ်သာရှိသည်။ သည်တံတား သည်နေရာက မဖြတ်လျှင် တခြားဖြတ်စရာနေရာမရှိ။ ကျွန်တော်သည် ကြံ့ရာမတတ်ဖြစ်မိသည်။ ထို့နောက် လွယ်အိတ်ကို နောက်ပြန်ကျောပိုးလိုက်သည်။ ရေပေါ်သစ်သားတုံးကြီး တစ်တုံးပေါ်တွင် ခွထိုင်၏။ ထို့နောက် သစ်သားတုံးကို တစ်ဖက်က လက်ဖြင့် တောက်တဲ့ကဲ့သို့ တွယ်ဖက်ထားသည်။ ကျန်သည့်လက်တစ်ဖက်ဖြင့် ဟိုဘက်ကမ်းသို့ ရောက်အောင် ကူးခတ်လှော်သည်။ ဟိုဘက်ကမ်းသို့ ရောက်သွားသည့်အခါ ကျွန်တော့်လုပ်ရပ်ကြည့်လျက် ကြောက်ဒူးတုန်ချင်သလိုလိုရှိ၏။ ကျွန်တော် ထိုအဖြစ်ကို ပြောပြသည့်အခါ အဖေသည် ချက်ချင်း ထိုတံတားဆီသွားလျက် ပြုပြင်ပေးသည်။ အမေ့မှာ ကျွန်တော့်စကားကြားရသည့်အခါ ငိုယို၏။ သို့သော် သားအတွက် ပညာရေးက အရေးကြီးသည်ဟုဆိုကာ ကျွန်တော့်အား ကျောင်းဆက်ထားပေးသည်။ အမေသည် ကျွန်တော့်အတွက် မနက်အစောကြီးထကာ ထမင်းချက်ရသည်။ ထမင်းချိုင့်ထဲတွင် အမေထည့်ပေးလိုက်သည့် ထမင်း၊ ဟင်းများကို ရွာအဝင် ကုက္ကိုပင်အောက်တွင် ထိုင်စားဖြစ်သည်။ အမေသည် နောက်ထပ် ကျွန်တော့်အတွက် သရေစာတစ်ခု ထမင်းချိုင့်တွင် အမြဲထည့်ပေးတတ်၏။ နေ့လယ် ကျောင်းဆင်းချိန်၌ စားရန်ဖြစ်သည်။ ထိုသရေစာသည် ကျွန်တော့်ဘဝအတွက် တစ်သက်မမေ့နိုင်စရာ နတ်သုဓာဖြစ်၏။

(၃)

ကျွန်တော် ကျောင်းဆင်းလာသည့်အခါ အဖေနှင့်အမေက "ဒီကနေ့ ကျောင်းမှာ သားဘာသင်ခဲ့ရလဲ၊ စာကောရခဲ့ရဲ့လား" ဟု အမြဲတမ်းလိုလို မေးတတ်သည်။ "သား စာကြိုးစားရမယ်နော်၊ ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရမယ်နော်" ဟု အမြဲတမ်းပြောတတ်၏။ အဖေနှင့်အမေတို့ စီးပွားရေးသည် "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ" ဆိုဘိသကဲ့သို့ ဖြစ်ရသည်။ ကြက်မွေးတော့ ကြက်ကို ခွေးအ(ခဲဝါ) များ လာစားကြသည်။ လယ်တဲသည် တောင်နဲ့ နီး၏။ ညဆိုလျှင် ကြက်ခြံရှိ ကြက်များကို ခွေးအများက အုပ်လိုက်လာပြီး ဆွဲသွားတတ်သည်။ ဝက်မွေးတော့လည်း ဝက်များအနာကျ၍ စီးပွားမဖြစ်။ သို့သော် အဖေသည် လုံ့လမလျှော့။

အဖေသည် အားသည့်အချိန်များတွင် ထင်းခုတ်ရောင်းသည်။ အဖေ ထင်းခုတ်ပြီး ရောင်း၍ရသည့်ငွေဖြင့် စပါးဝမ်းစာများ စုဆောင်းရသည်။

ကျွန်တော့်မှာ တဖြည်းဖြည်း အတန်းကြီးလာသည်။ တတိယတန်းရောက်သည့်အခါလည်း အမေသည် ကျွန်တော့်အတွက် သရေစာ အမြဲတမ်းထည့်ပေးတတ်သည်။ ကျွန်တော့်မှာ အမေထည့်ပေးလိုက်သည့် သရေစာကို သူငယ်ချင်းများ မြင်သွားမည်စိုး၍ ထမင်းချိုင့်ကို တောစပ်တစ်နေရာ၌ ဝှက်ထားခဲ့ရသည်။ သူငယ်ချင်းများ ရှေ့တွင် တစ်ခါမျှမစား။ သူတို့က သရေစာကို မုန့်ဝယ်စားနိုင်ကြသည်။ သူတို့မိဘများသည် သူတို့သားသမီး နေ့လယ်ကျောင်းဆင်းချိန်တွင် မုန့်ပဲသရေစာများ ဝယ်စားနိုင်ရန်အတွက် ပိုက်ဆံတစ်ဆယ်၊ နှစ်ဆယ် အမြဲတမ်း ထည့်ပေးလိုက်တတ်သည်။ ကျွန်တော်သည် တစ်ခါတစ်ရံ သူတို့ မုန့်ပဲသရေစာများ ဝယ်စားနိုင်ကြသည်များကိုကြည့်လျက် အားကျမိသည်။

နေ့လယ် ကျောင်းဆင်းသည့်အခါ၌ အမေထည့်ပေးလိုက်သည့် သရေစာကို ကပျာကသီ အဆာပြေစားလိုက်ရသည်။ တစ်ခါတလေ ထိုသရေစာ၌ ပုရွက်ဆိတ်အမည်းကောင်များသည် ကျွန်တော့်ထက် လက်ဦးမှု နေရာယူလျက်ရှိ၏။ ထိုအဖြစ်ကို ကျွန်တော် ကျောင်းဆင်းသည့်အခါ အမေ့ကို ပြောပြဖြစ်သည်။ အမေက "ပုရွက်ဆိတ်တက်ရင် ဘာဖြစ်မှာလဲ သားရယ်၊ ပိုတောင်ကောင်းသေးတာပဲ၊ ပုရွက်ဆိတ်ပါတာကိုစားရင် မျက်စိအမြင်အားကောင်းတယ်၊ အမြင်ကြည်တယ်၊ အမြင်ကြည်တော့ မှတ်ဉာဏ်ကောင်းတယ်၊ စာများများရတယ်ကွဲ့"အမေ့စကားကြောင့် ကျွန်တော့်မှာ အားတက်ပျော်ရွှင်သွား၏။ အတန်းထဲ၌ ကျွန်တော်သည် စာရသည့်အထဲတွင် ပါသည်။

One to Ten အမြဲတမ်းဝင်သည်။ ပထမ၊ ဒုတိယ၊ တတိယဆုတစ်ခုခုတွင် အမြဲတမ်းရပါသည်။ ထိုသို့ ကျွန်တော် ဆုရသည့်အခါ၌ အမေ့စကားကို ပို၍ ယုံကြည်လာသည်။ ကျွန်တော် ပထမရခြင်းသည် ပုရွက်ဆိတ်ကောင်များ တက်နေသည့်သရေစာကို စား၍ဖြစ်မည်ဟု ယုံကြည်လာမိသည်။ နောက်တွင် ကျွန်တော် မရှက်တော့။ အမေထည့်ပေးလိုက်သည့်သရေစာကို မြိန်ရေယှက်ရေ စားတော့သည်။ တက်နေသည့် ပုရွက်ဆိတ်များကိုပင် ပြေးသွားမည်ကို စိုးရိမ်လာသည်။ သူတို့ပြေးမသွားမီ ကပျာကသီ ဝါးစားပစ်လိုက်၏။

(၄)

ကျွန်တော်သည် မိဘ၏ကျေးဇူးကြောင့် ကျောင်းသားဘဝမှသည် ဝန်ထမ်းဘဝသို့ ခက်ခက်ခဲခဲဖြစ်လာခဲ့သည်။ လောက၏ ပင်လယ်ပြင်၌ အဖေနှင့်အမေသည် မည်ကဲ့သို့ အလူးအလဲ တိုက်ပွဲဝင်ခဲ့ကြမှန်း ကျွန်တော်မသိ။ ကျောင်းသားဘဝ၌ လိုချင်သည့်အရာများရှိလျက် ငိုယိုတောင်းတတ်သည်။ မိဘဝယ်မပေးနိုင်သည့်အခါ စိတ်ဆိုးမိသည်။ ငါ့ကို မချစ်လို့ ဝယ်မပေးတာပဲဟု ကောက်ချက်ချမိသည်။ ကျွန်တော် တစ်ခုခုကို တောင်းပြီဆိုလျှင် အဖေနှင့်အမေသည် မျက်နှာညှိုးညှိုးငယ်ငယ် ဖြစ်သွားတတ်သည်။ သူငယ်ချင်းအချို့ မုန့်ဝယ်စားကြသည်ကို မြင်တိုင်း အားကျမိသည်။ ခက်သည်က ကျွန်တော့်မှာ ပိုက်ဆံဟူ၍ ခြူးတစ်ပြားမှမပါ။ အိမ်မှာ ပိုက်ဆံတောင်းသည့်အခါတိုင်း အမေ့မျက်နှာ မကောင်းသည်ကို ကျွန်တော် ရိပ်မိသည်။ တစ်ခါတစ်ရံ ပိုက်ဆံတောင်းမိသည့်အခါ အမေ့ထံက "ငါ့သားကို အမေတို့ မုန့်ဖိုး ပိုက်ဆံပေးချင်တာပေါ့သားရယ်။ သူများတွေထက်တောင် အများကြီး ပေးချင်တာပေါ့ကွယ်။ ဒါပေမယ့် အမေတို့မှာ သားကိုပေးဖို့ပိုက်ဆံ မတတ်နိုင်ပါဘူးသားရယ်။ အမေထည့်ပေးလိုက်တဲ့ သရေစာကိုသာ ဝအောင်စားပါ။ အဲဒါလည်း ဗိုက်ဆာပြေပါတယ် သားရယ်။ ဒီမှာ အမေ့ နားတောင်းကြည့်ပါလား။ အမေ့နားဟောင်းလောင်းပေါက်မြင်တယ် မဟုတ်လား"ဟု အမေက ဆိုတတ်သည်။ အမေ့ဆီက ပိုက်ဆံတောင်းမရသည့်အခါ ကျွန်တော်သည် နောက်ဆိုလျှင် ယောင်၍ပင်မတောင်းဖြစ်တော့။ အမေ ထမင်းချိုင့်၌ထည့်ပေးလိုက်သည့် သရေစာသည်ပင် အကောင်းဆုံးဟု ခံယူထားသည်။ အမေထည့်ပေးလိုက်သည့် သရေစာသည် မီးဖုတ်ထား၍လားမသိ မွှေးနေ၏။ အနံ့တထောင်းထောင်းဖြင့် စား၍ကောင်းလှသည်။ အမေသည် ကျွန်တော့်အတွက် သရေစာကို လက်သီးဆုပ်ခန့် မီးဖုတ်ကာထည့်ပေးတတ်သည်။ တစ်ခါတလေ ထန်းလျက်ခဲ တစ်ခဲနှစ်ခဲ ရောထည့်လျက်လည်း ပေးတတ်သည်။ မီးဖြင့် ဖုတ်ထား၍လည်းမသိ သရေစာ၌ ချိုးကပ်နေတတ်သည်။ အနံ့ခံကြည့်လျှင် ထိုသရေစာသည် မွှေးကြိုင်နေ၏။ မွှေးကြိုင်နေ၍လည်း ပုရွက်ဆိတ်များတက်သည်ဟု ကျွန်တော် ထင်မိသည်။

(၅)

အမေ့စကား ကြားရသည့်အခါ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ အမေသည် သူ့မြေးကိုရင်ခွင်ပေါ်တင်ကာ မုန့်ကျွေးလျက် ကျွန်တော့်ကို လှမ်းလှမ်းပြောနေသည်။ အမေပြောသည်က "ငါ့သား ကျောင်းတက်တုန်းက အမေတို့မှာ စီးပွားရေး အဆင်မပြေကြပါဘူးကွယ်။ သားအတွက် မုန့်ဖိုးပိုက်ဆံ ထည့်မပေးနိုင်တာကို ခွင့်လွှတ်ပါ ငါ့သားရယ်။ အမေ ထမင်းကြမ်းခဲကို သရေစာ မီးဖုတ်ပြီး ထည့်ထည့်ပေးတာဟာ ပိုက်ဆံမရှိလို့ပေါ့။ အမေလည်း သားကို ထမင်းကြမ်းခဲ မီးဖုတ်ပြီး ဘယ်ကျွေးချင်ပါ့မလဲ"

အမေ့ပါးက မျက်ရည်သည် ဒလဟော စီးဆင်းနေသည်။ ကျွန်တော့်မှာ အားတင်း၍ နားထောင်နေသော်လည်း မျက်ရည်က စို့စို့လာ၏။ အမေ ဆက်ပြောသည်က "ထမင်းကြမ်းခဲမှာ ပုရွက်ဆိတ်ကောင်တွေတက်နေတာကို သား စားရတယ် မဟုတ်လား။ အဲဒီတုန်းက အမေပြောခဲ့တာကို သားမှတ်မိမှာပါ။ ပုရွက်ဆိတ်တက်နေတဲ့ ထမင်းကြမ်းခဲကို စားရင် စာရတယ်၊ ဉာဏ်ကောင်းတယ်ဆိုတာလေ။ သား မှတ်မိတယ်မဟုတ်လား။ အဲဒါက တကယ်မဟုတ်ပါဘူးသားရယ်။ အမေက သားရှုံ့ပြီး လွှင့်ပစ်မှာစိုးလို့ပါ။ သားထမင်းကြမ်းခဲကို လွှင့်ပစ်လိုက်ရင် နေ့လယ် ကျောင်းဆင်းရင် ဗိုက်ဆာမှာပေါ့၊ အဲဒါကြောင့် သား မရှုံ့ရအောင် အမေ တမင်တကာ ကြံဖန်ပြီး လုပ်ပြောရတာပါကွယ်။ အမေ့ကို ခွင့်လွှတ်ပါ ငါ့သားရယ်"

အမေသည် ပြောရင်းနဲ့ မျက်ရည်ကို ဘယ်ပြန်ညာပြန် သုတ်နေလေ၏။ ကျွန်တော့်မှာ မည်သို့ပြောရမှန်းပင်မသိ။ "ဪ အမေရယ်"ဟု သာ နှုတ်က အခါခါ ရေရွတ်မိလေသည်။

## ပြည်ထောင်စုနေ့တို့မမေ့

○ တို့ပြည်ထောင်စု အခြေတည်
စိန်ရတုတိုင်ခဲ့ပြီ။
ဖေဖော်ဝါရီ တစ်ဆယ့်နှစ်
ပြည်ထောင်စုနေ့ဖြစ်။

○ နယ်ချဲ့စနစ် သွေးကွဲရန်
တိုင်းရင်းသားတို့မခံ။
ဝိုင်းဝန်းတွန်းလှန် ညီနောင်များ
ပင်လုံသက်သေထား။

○ ကရင်ကယား မွန်ချင်းမြန်မာ
ကချင်ရခိုင်ရှမ်းတို့ပါ။
သွေးစည်းညီညာ လွတ်လပ်ရေး
ရယူလို့သာပေး။

○ မျိုးချစ်စိတ်မွေး သွေးချင်းတွေ
တောင်ပေါ်မြေပြန့်မခွဲပေ။
စည်းလုံးကြလေ ညီနောင်များ
ဗိုလ်ချုပ်မိန့်မှာကြား။

○ လွတ်လပ်ရေးအား သွေးသစ္စာ
လက်မှတ်ရေးထိုးကာ။
ထိုနေ့ကိုသာ အစဉ်မမေ့
အားလုံးပြုံးပျော်မွေ့
တို့ပြည်ထောင်စုနေ့။ ။

ပန်းမာလာ

## တပို့တွဲလ ထူးမြတ်စွ

ကုံရာသီ တပို့တွဲမို့
ထမနဲပွဲ ဆင်ယင်ကာ။
ဗုဒ္ဓဂုဏ် ရည်မျှော်မှန်း
လှူဒါန်းကြမှာ။
မာဃနက္ခတ် စန်းယှဉ်သာ
ချိန်တာရာ မှတ်သား။
မီးပူဇော် စဉ်မပြတ်တယ်
ထွတ်မြတ်သဒ္ဓါတရား။
ထန်းဖူးတွေ ဝေဆာများ
သီးပွင့်ထွား လရာသီ။
မြူခိုးတွေ ရှစ်ခွင်တိုင်း
မှိုင်းအုံ့မှုန်ရီ။
ထူးမြတ်သော ကျင့်ဝတ်ညီ
တင့်တယ်တည် ရှင်ရဟန်း။
ဩဝါဒါ ပါတိမောက်ကို
ထွန်းတောက်တင့်လျှမ်း။
သရဖီ ပွင့်လန်းဆန်း
ရာသီပန်း အမည်ခေါ်။
မြန်မာပြည် ရိုးရာပွဲ
ဆင်နွဲလို့ပျော်။
ထမနဲဆွမ်း ဤပွဲတော်
သာစုခေါ် မြတ်ဒါန။
ရွှေမြန်မာ နွေအကူးဝယ်
ကြည်နူးသာစွ။ ။

ဖြိုးထက်(ရေစကြို)

ဆောင်းပါး

# မြားဦးက မာယာများတတ်သလား

ဆလိုင်းသန်းဇော်ဝင်း

မုဆိုးတစ်ယောက်က သားကောင်ကိုပဲဖြစ်ဖြစ်၊ ရန်သူကိုပဲဖြစ်ဖြစ် မြားနဲ့ပစ်ခွင်းလိုက်တဲ့အခါ ပစ်ချက်တိုင်းက ပစ်မှတ်ကို ထိပါသလား။ ဒီလို တိုင်းသာထိမယ်ဆိုရင် လောကကြီးက "ချိန်ခွင်လျှာ ဖောက်ထိုးကြီး" ဖြစ်နေမှာပေါ့။ ဟုတ်ပါတယ်။ တစ်ခါတလေ မိမိပစ်လိုက်တဲ့မြားဦးက မာယာများ နေတတ်ပါတယ်။ မထင်မှတ်ပါဘဲ ကိုယ့်ဆီကို ဦးတည်ပြီး ပြန်လာတတ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် မိမိရဲ့မကောင်းတဲ့ စိတ်က မိမိကို ပြန်ပြီး ဒဏ်ခတ်တတ်တဲ့ သဘောပါ။

**မရိုးနိုင်အောင် ရေးဖွဲ့**

မြန်မာစကားပုံမှာတော့ အမျိုးမျိုးသုံးနှုန်းကြတာကို တွေ့ရပါတယ်။ "ကိုယ့်ရှူး ကိုယ်ပတ်"၊ "ကိုယ့်အတတ် ကိုယ်စူး"၊ "သူတစ်ပါးမကောင်းကြံ ကိုယ့်မှာဘေးဒဏ်ထိ"စတဲ့ စတဲ့ စကားပုံမျိုးတွေပေါ့။ စကားပုံတွေရှိသလိုပဲ လက်တွေ့ဆန်တဲ့ ဇာတ်လမ်းတွေ၊ ပုံပြင်တွေ၊ အဖြစ်အပျက်တွေလည်း အများကြီး ရှိခဲ့ကြ၊ ရှိနေဆဲပါပဲ။ ဝတ္ထုဆရာ တော်တော်များများကလည်း သူတို့လေသံနဲ့ပြောရရင် "မဲနယ်ပုဆိုး" ဆိုသလိုပဲ မရိုးနိုင်အောင် ရေးဖွဲ့တတ်ကြပါတယ်။ ဥပမာပြောရရင် သူတစ်ပါးကို လှောင်ပြောင် ကဲ့ရဲ့တတ်သူတစ်ယောက်က မကြာခင်မှာပဲ သူကိုယ်တိုင် အကဲ့ရဲ့ခံစရာ လူတစ်ယောက် ဖြစ်သွားတာမျိုး။ နောက်ပြီး ပုစွန်လုံးတွေကို ခြေတွေချိုး၊ ငှက်တွေကို အတောင်ချိုး၊ မျက်လုံးဖောက်သူတစ်ယောက်က သူ့မှာ သား၊ သမီးတွေ မွေးဖွားလာတော့ ခြေ၊ လက်၊ အင်္ဂါအစုံ ပါမလာတာမျိုးတွေ။ စိတ်ယုတ်တဲ့ မုဆိုး ဒါမှမဟုတ် တံငါ တစ်ယောက်ရဲ့ဇနီးက ကလေးမွေး လာတော့ လူနဲ့မတူတာလေး မွေးလာတာမျိုးတွေ။ ဒါမျိုးအကြောင်းအရာတွေက တော်တော်များများ ရေးခဲ့ကြပါတယ်။ ရေးနေကြဆဲပါပဲ။

မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းကလည်း ပုံပြင်တွေ၊ သာဓကတွေ အများကြီးရှိခဲ့တယ်။ ကြည့်ပါလေ။ ဇာတ်ဝတ္ထုတစ်ခုမှာဆိုရင် ဒေဝဒတ် အလောင်းအလျာ ဆေးဆရာတစ်ယောက်က ဆေးမကုသရတာနဲ့ ဆေးကုချင်တော့ နည်းလမ်းရှာပါတယ်။ ဘယ်လို ရှာသလဲဆိုရင် ရွာတစ်ရွာကိုရောက် တော့ ကလေးတစ်သိုက် ဆော့ကစားနေတာကို သူတွေ့လိုက်တယ်။ အဲဒီအခါ သူ့မှာအကြံတစ်ခုရလာတယ်။ သစ်ပင်ခွကြားက ငှက်သိုက်ထဲမှာ ငှက်ဥတွေ တက်နှိုက်ပြီးယူချင်အောင် ကလေးတွေကို ပြောမယ်ပေါ့။ ငှက်သိုက်ထဲမှာက မြွေရှိနေတယ်။ တက်နှိုက်လို့ မြွေကိုက်လိုက်ရင် သူက ဆေးကုပြီး အဖိုးအခယူမယ်ပေါ့လေ။ ဒါနဲ့ကလေးတွေကို စိတ်ဝင်စားအောင် ပြောလိုက်တဲ့အခါ။ ကလေးတို့ ဘာသာဘာဝ စူးစမ်းချင်ကြတာဆိုတော့ ကလေးငယ်တစ်ယောက်က သူတက်နှိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖြစ်ချင်တော့ အဲဒီကလေးက ဘုရားအလောင်းတော်လေးတဲ့။ ဘုရားအလောင်းတို့ဆိုတာမျိုးက သတိကြီးတယ်၊ ဉာဏ်ကြီးတယ်၊ ဝီရိယကြီးတယ်၊ ဘုန်းကံကြီးတယ်။ စူးစူးစမ်းစမ်းနဲ့ ငှက်ဥနှိုက်လိုက်တာ မြွေရဲ့လည်ပင်း ကိုမှ ကိုင်ထားမိပါရောလား။ ဒါနဲ့ မြွေဆိုတော့ ပျော့စိ ပျော့စိနဲ့ နေမှာပေါ့လေ။ အလန့်တကြားအောက်ကို ခါပစ်လိုက်တယ်။ အောက်ကနေ ဆေးကုပေးဖို့ မျှော်လင့်ချက်နဲ့ အပေါ်မော့နေတဲ့ ဆေးဆရာရဲ့ ဦးခေါင်းပေါ်ကို ကျသွားပါလေရော။ ပြီးတော့ မြွေက ကိုက်လိုက်တာ ဆေးကုပေးမယ့် ဆေးဆရာမှာ ကိုယ့်ဘာသာကိုယ် အချိန်မီ မကုသနိုင်တော့ဘဲ သေပွဲဝင်သွားရလေတယ်။ ဒီဇာတ်လမ်းလေးမှာဆိုရင် "သူတစ်ပါးကို မကောင်းကြံလို့ ကိုယ့်မှာဘေးဒဏ်ထိ" ဆိုသလိုပဲ မကောင်းတဲ့စိတ်ကြောင့် ကိုယ့်မှာသာ ဒုက္ခရောက်သွားရရှာတယ်။ ဒါကြောင့် ကိုယ်ပစ်ခွင်းလိုက်တဲ့ မြားဦးတွေဆိုတာ တစ်ခါတလေ မာယာများ တတ်တယ်လို့ ပြောရတာပါ။

**နည်းလမ်းတွေ ရှာကြံ**

တစ်ခါကလည်း အမျိုးသမီးတစ်ယောက်က သူ့ယောက်ျားရဲ့အမေ၊ သူ့ယောက္ခမကို ဘယ်လိုနိုင် အောင်လုပ်ရမလဲဆိုတာပဲ စဉ်းစားနေတယ်တဲ့။ နည်းလမ်းတွေ ရှာကြံနေတယ်။ နောက်တော့ သူရလာတဲ့ အဲဒီနည်းလမ်းတွေကို သုံးပြီး သူ့ယောက္ခမကို အနိုင်ယူတယ်။ အဲ... မကြာပါဘူး သူ့အလှည့်လည်း ကျရော၊ သူကိုယ်တိုင် ယောက္ခမဖြစ်လာတဲ့အခါကျ တော့ သူ့ချွေးမက သူ့ကို ပြန်နိုင်ပါလေရောလား။ ဘယ်လိုနိုင်သလဲဆိုတော့ သူတုန်းက နိုင်ခဲ့သလိုမျိုးပဲ တစ်ထေရာတည်း၊ တစ်ပုံစံတည်းပါပဲတဲ့လေ။

နောက်ပြီး ကြည့်ပါဦးလေ။ သားလုပ်တဲ့သူက အဖေဖြစ်သူ အဘိုးအိုကြီးကို စွန့်ပစ်ထားတယ်။ ဘယ်လောက်အထိ ဆိုးသလဲဆိုရင် အဖေကိုတောင် မြန်မြန်သေစေချင်တယ်။ ဒီအခါ ဘယ်လိုတွေ ဘာတွေ လုပ်ရရင် ကောင်းမလဲဆိုပြီး သူ့မိန်းမရှေ့မှာ ပြောပြ တိုင်ပင်တာပေါ့။ အဲဒီလို ပြောနေချိန်မှာ ဒါတွေကို ကြားသွားတဲ့ သူ့ရဲ့ ဆယ်နှစ်အရွယ် သားငယ်ကလေး က စကားဝင်ပြောပါတယ်။ "ဟုတ်တယ် အဖေ။ ကျွန်တော့်အလှည့်ကျရင်လည်း ဖေ့ကို အဘိုးလိုပဲ ဒီနည်းလမ်းတွေသုံးပြီး သတ်ပေးရမယ်"လို့ ပြောပါလေရော။ ဒီအခါကျမှ သူ့မှာလည်း အတော်တုန်လှုပ်ပြီး နောင်တတွေ အကြီးအကျယ် ရသွားတာပေါ့လေ။ ဒီဇာတ်လမ်းတွေဟာဆိုရင်လည်း "ကိုယ့်ရှူး ကိုယ်ပတ်"ဆိုတဲ့ စကားပုံလိုပဲ ကိုယ့်ရဲ့ မြားဦးက ကိုယ့်ဆီကို ဖြောင့်ဖြောင့်ကြီး ပြန်လည်လာတာပဲ မဟုတ်ပါလား။

ကျွန်တော်က ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်မိပါသေးတယ်။ ဒီဇာတ်လမ်းလေးက ကျွန်တော်တို့ ငယ်ငယ်ကတည်းက အိပ်ရာဝင်ပုံပြင် လို အမြဲကြားနေခဲ့ရတဲ့ အဖြစ်အပျက်ကလေးပါ။ တစ်နည်းပြောရရင် ကျွန်တော်တို့ ရွာကလူတွေရဲ့၊ ရွာတစ်ရွာမှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ပါ။ တကယ့်အဖြစ်အပျက်လို့ ဆိုပါတယ်။

**ကျိန်စာတိုက်**

တစ်ခါတုန်းက ရွာတစ်ရွာမှာ ကျိန်စာလိုမျိုး အတတ်ပညာတွေတတ်တဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်တဲ့။ သူ့မှာ သားတစ်ယောက်ရှိပါတယ်။ နောက်တော့ သားက အရွယ်ရောက်လာတော့ အိမ်ထောင်ပြုလက်ထပ်တာပေါ့လေ။ ဒီအခါ သူတို့ အိမ်မှာ သူရယ်၊ သူ့သားရယ်၊ သူ့ချွေးမရယ်ဆိုပြီး မိသားစုသုံးယောက်ဖြစ်သွားတယ်။ သူတို့ မိသားစု ဟာ ချစ်ချစ်ခင်ခင်နဲ့ ပျော်စရာကောင်းပါတယ်။ သားလုပ်သူက တောင်ယာလုပ်ပြီး ရှာဖွေကျွေးမွေး ပါတယ်။ တစ်နေ့မှာတော့ အမေလုပ်သူက တောင်ယာ ထဲကိုသွားတယ်။ တောင်ယာထဲရောက်တော့ စိုက်ခင်းထဲမှာ ဖရုံသီးတစ်လုံး ပျောက်နေတာကို တွေ့ပါလေရော။ အရင်ကလည်း ဒီလိုပဲ ခဏခဏ သူခိုးအခိုးခံရဖူးတယ် တူပါရဲ့။ ဒါနဲ့ သူလည်း အကြီး အကျယ် ဒေါသဖြစ်သွားတာပေါ့လေ။ မကျေနပ်တာ ကလည်း များနေပြီကိုး။ နောက်တော့ ဘာလုပ်သလဲ ဆိုရင်။ မစူးစမ်းမဆင်ခြင်တော့ပါဘဲ "သေပါစေ တော်"ဆိုပြီး ကျိန်စာတိုက်ပစ်လိုက်တယ်တဲ့။ ဒီလိုနဲ့ အိမ်ကိုလည်းပြန်ရောက်ရော။ သူသိပ်ချစ်ရတဲ့ သူ့ချွေးမ သေဆုံးနေတာကို တွေ့လိုက်ရပါတော့ တယ်။ ဒီဇာတ်လမ်းကလေးဟာဆိုရင်လည်း "ကိုယ့်အတတ် ကိုယ်စူး" ဆိုသလိုပဲ ကိုယ်ပစ်လိုက်တဲ့ မြားက ကိုယ့်ဘက်ကို ပြန်လှည့်လာခြင်းပဲ ဖြစ်ပါ တယ်။

ဒါကြောင့်လည်း မြားဦးက မာယာများတယ်လို့ ပြောရတာပါ။ တစ်ယောက်ယောက်ကို မကောင်းကြံ တော့မယ်ဆိုရင် မိမိရင်ထဲမှာ အရင်ဆုံးပူလောင်နေရ ပါပြီ။ မကောင်းကြံပြီးတဲ့နောက်၊ အကောင်အထည် ဖော်ပြီးတဲ့ နောက်မှာလည်း ရလဒ်က ကိုယ့်ဘက်ကို နည်းမျိုးစုံနဲ့ မြားဦးလှည့်နေတတ်ပါတယ်။ မကောင်း ကံဆိုတာ အခွင့်အခါ မကြုံသေးသမျှတော့ ဝင်လာလို့ ရမှာ မဟုတ်သေးပါဘူး။ အခွင့်အခါကြုံတာနဲ့ တစ်ပြိုင်နက် ဘယ်မှာပဲ ရှောင်ပုန်းနေပုန်းနေ ရမှာ မဟုတ်တော့ပါဘူး။ မကောင်းကံဆိုတာ မကောင်းတဲ့ စိတ်၊ စေတနာပဲ ဖြစ်ပါတယ်။

မုဆိုးတစ်ယောက်က သားကောင်ကိုဖြစ်ဖြစ်၊ ရန်သူကိုဖြစ်ဖြစ် မြားနဲ့ ပစ်ခွင်းလိုက်တဲ့အခါ ပစ်ချက် တိုင်းက ပစ်မှတ်ကိုထိပါသလား။ ဦးတည်တဲ့အတိုင်း သွားပါသလား။ ဒီလိုတိုင်းသာ ထိပါမယ်ဆိုရင် လောကကြီးက "ချိန်ခွင်လျှာ ဖောက်ထိုးကြီး" ဖြစ်နေ ပါလိမ့်မယ်။ ဟုတ်တယ်။ ဒါကြောင့်မို့ တစ်ခါ တလေမှာ မိမိပစ်လိုက်တဲ့ မြားဦးက မိမိဆီကို ပြန်လည်လာတတ်ပါတယ်။ မာယာများနေတတ်ပါ တယ်။ တစ်နည်းပြောရရင် မိမိရဲ့မကောင်းတဲ့စိတ်က မိမိကို ပြန်ပြီး သေသီး သီးလိုက်တဲ့ သဘောမျိုး ပါပဲ။ ။

## စိန်ရတု အောင်ပွဲ

ခုနှစ်ဆယ့်ငါးနှစ် ပြည့်ခဲ့ပြီ
ပြည်ထောင်စုနေ့မည်
ခိုင်မြဲချစ်ကြည် သက်သေထား
စည်းလုံးခြင်း ခွန်အား... ။
တိုင်းတစ်ပါးရဲ့ ကျူးကျော်ဒဏ်
လွတ်မြောက်ဖို့ရန်ကြံ
သွေးခွဲရန်တိုက် စိတ်ထားမိုက်
နယ်ချဲ့တို့ရဲ့ စရိုက်... ။
နှင်းကိုမြင်ခိုက် တောင်တန်းပြာ
ရောင်နီသစ် ဖွေရှာ
လွတ်လပ်ရေးဟာ ပထမ
တောင်တန်း-ပြည်မ ပေါင်းစည်းကြ... ။
မောရှမ်းအလှ ပင်လုံမြေ
သမိုင်းတွင် ဌာနေ
ပူးပေါင်းကြပေ ရေးထိုးခဲ့
ပင်လုံစာချုပ်ကွဲ့... ။
ခေါင်းဆောင်များရဲ့ အမြော်အမြင်
လေးစား ထာဝစဉ်
ကျေးဇူးသခင် ဘယ်မမေ့
သတ်မှတ် ပြည်ထောင်စုနေ့... ။
ကျော်ဖြတ်ခဲ့ပေ နှစ်များစွာ
ထိန်းသိမ်းကြ ညီညာ
လက်ဆင့်ကမ်းကာ ပျော်ရွှင်နွှဲ
စိန်ရတု အောင်ပွဲ
ပြည်ထောင်စု ခိုင်မြဲ ... ... ... ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၄၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၉၇,၁၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၅၆၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၉၅၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၄၄) ခု | (၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၉) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၁၆) ခု | (၄၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၃၉) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၇၉၆) ခု | (၁၉၄) ဦး |
| စုစုပေါင်း | (၂၇,၄၄၄) ခု | (၃၄၆) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၄၉၆၈၆၀ | ၄၇၅၇၃၅၈၆ | ၉၂၄၅၃၀ |
| ၂။ | အိန္ဒိယ | ၄၂၀၈၀၆၆၄ | ၄၀၂၄၇၉၀၂ | ၅၀၁၁၄၃ |
| ၃။ | ဘရာဇီး | ၂၆၃၁၉၀၃၃ | ၂၂၆၁၇၆၆၅ | ၆၃၁၀၆၉ |
| ၄။ | ပြင်သစ် | ၂၀၃၈၈၃၉၀ | ၁၃၇၆၂၀၄၈ | ၁၃၂၂၀၇ |
| ၅။ | ဗြိတိန် | ၁၇၆၈၉၈၈၅ | ၁၄၉၇၇၀၉၆ | ၁၅၇၉၈၄ |
| ၆။ | ရုရှား | ၁၂၆၃၀၀၄၇ | ၁၀၅၀၉၆၈၈ | ၃၃၄၇၅၃ |
| ၇။ | တူရကီ | ၁၂၀၅၁၈၅၂ | ၁၁၂၅၆၉၄၂ | ၈၈၃၁၂ |
| ၈။ | အီတလီ | ၁၁၄၄၉၆၀၁ | ၉၀၈၃၀၉၀ | ၁၄၈၁၆၇ |
| ၉။ | ဂျာမနီ | ၁၀၇၇၈၈၂၉ | ၈၀၁၆၀၀၀ | ၁၁၉၂၃၄ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၄၈၀၄၂၃ | ၄၁၇၂၄၅၈ | ၁၄၄၄၉၇ |
| ၂။ | ဖိလစ်ပိုင် | ၃၆၀၁၄၇၁ | ၃၄၁၀၈၂၁ | ၅၄၂၁၄ |
| ၃။ | မလေးရှား | ၂၈၉၅၀၁၄ | ၂၇၉၉၆၀၈ | ၃၂၀၁၁ |
| ၄။ | ထိုင်း | ၂၄၈၆၁၂၂ | ၂၃၇၅၃၈၈ | ၂၂၂၇၄ |
| ၅။ | ဗီယက်နမ် | ၂၃၂၇၈၅၉ | ၂၁၀၅၉၁၃ | ၃၈၂၆၁ |
| ၆။ | မြန်မာ | ၅၃၇၅၆၉ | ၅၁၃၉၅၂ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၇၉၆၈၁ | ၃၅၃၁၆၇ | ၈၆၆ |
| ၈။ | လာအို | ၁၃၆၁၄၈ | ၁၃၁၀၄၁ | ၅၆၅ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၆၆၂ | ၁၁၈၀၂၃ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |

# ကန့်ဘလူမြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ကန့်ဘလူ ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း သတ်မှတ်ဦးစားပေးအုပ်စုအလိုက် ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီက ကန့်ဘလူမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ( Covaxin) သတ္တမအသုတ် ပထမအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ထိုးနှံပေးလျက်ရှိ**

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ အသက် ၁၈ နှစ်အထက်ရှိသူများ၊ သတ်မှတ်ဆေးထိုးအုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် မြို့နယ်နေပြည်သူများအား ခုတင် (၁၀၀) ဆေးရုံအုပ် ဒေါက်တာနေမိုးဦးဆောင်၍ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

သတ္တမအသုတ် ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၄ ရက်က စတင်ထိုးနှံပေးရာ အဆိုပါနေ့က ၂၄၀ ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ထွေ/အုပ်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မုဒုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေး

**မုဒုံ ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရုရှားသမ္မတနိုင်ငံမှ နှစ်နိုင်ငံ ချစ်ကြည်ရေးအနေဖြင့် ရရှိထားသည့် Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့နံနက် ၉ နာရီက မြို့မ(၄) ရပ်ကွက် ကန်ကြီးဘုရားဝင်း အတွင်းရှိ ဓမ္မာရုံ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးတင့်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မိုးနိုင်တို့က ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်း ပညာရေးဆရာ/ဆရာမများ၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသက်(၆၅)နှစ်နှင့် အထက်ပြည်သူများအား ဦးတည်အုပ်စုအလိုက်(ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး သုံးလနှင့် ခြောက်လ အထက်ရှိသူများ စုစုပေါင်း ၁၄၅ ဦးအား စတင်ထိုးနှံ ပေးလျက်ရှိရာ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်းများက လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

■





## ပဲခူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**ပဲခူး ဖေဖော်ဝါရီ ၅**

ပဲခူးမြို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၀ အထက် ပြည်သူများအား ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster Dose အား လူ့ခန္ဓာကိုယ်တွင် ခုခံအားကျလာသည့် အချိန်တွင် ခုခံအားပြန်လည်တက်လာစေရန်ရည် ရွယ်ချက်ဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားပြီး သတ်မှတ်ကာလပြည့်ပြီးသူများအား ထိုးနှံပေးခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရာတွင် ဆေးထိုးစုရပ်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တစ်ဖွဲ့၊ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး နှစ်ဖွဲ့၊ မြို့တော်ခန်းမ နှစ်ဖွဲ့ခွဲ၍ ဆေးထိုးအဖွဲ့ ငါးဖွဲ့မှ ထိုးနှံပေးရာ ၂၂၈၅ ဦး လာရောက်ထိုးနှံကြသည်။

သီရိဟံသာခန်းမ၌ နှစ်ဖွဲ့၊ တာဝဘူတာကျေးရွာ ဘုရားစောင်းတန်း၌ နှစ်ဖွဲ့၊ အင်းတကော်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ နှစ်ဖွဲ့၊ ဘုရားကြီးမြို့ဓမ္မာရုံ၌ နှစ်ဖွဲ့၊ ဥဿာမြို့သစ်(၁)ရပ်ကွက်(၁) မဟာကြီးစေတီ၌တစ်ဖွဲ့၊ အသောကကျောင်းတိုက်၌ နှစ်ဖွဲ့ စသည့် ဆေးထိုးစုရပ်များတွင် ဆေးထိုးအဖွဲ့ ၁၁ ဖွဲ့မှ ထိုးနှံပေးရာ ပြည်သူ ၃၈၉၀ လာရောက်ထိုးနှံကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**


## မိုးညှင်းမြို့၌ ထပ်ဆောင်းကာကွယ်ဆေး စတင်ထိုးနှံ

**မိုးညှင်း ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covidshield နှစ်ကြိမ်ထိုးနှံပြီးသူ နိုင်ငံ့ဝန်ထမ်းများအား ထပ်ဆောင်းကာကွယ်ဆေး COVAXIN ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ စိမ်းလဲ့ရတနာခန်းမ၌ ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးရာတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့် ကျန်းမာရေးဝန်ထမ်း ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၃၀ နှင့် ပညာရေး ဝန်ထမ်း ၂၆၀ စုစုပေါင်း ၃၆၅ ဦးတို့ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်**
**(ပြန်/ဆက်)**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

### မေးမြန်းလျှောက်ထား ဓမ္မစကား




စာရေးသူ သက်နိုင်(ပြင်ဦးလွင်) ပြုစုရေးသားထားသည့် မေးမြန်းလျှောက်ထား ဓမ္မစကားစုစည်းမှု စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ဓမ္မစကားစာအုပ်တွင် ပို၍အရေးပါသော ပစ္စုပ္ပန်ကံ၊ ငြင်းခုံခြင်းကို ဘယ်အခါမှ မပြုနှင့်၊ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆ ဘယ်အခါမှ မနေနှင့်၊ စိတ်ထားကောင်းမွန်ဖြူစင်နေရမည်၊ မောဟစိတ်ကိုပျောက်အောင် ဖျောက်ရမည်၊ သီလရှိသူကို လှူဒါန်းခြင်းသည် ပို၍ အကျိုးထူးနိုင်သည်၊ အံ့ဖွယ်ကောင်းသည် မေတ္တာစွမ်းအား၊ သရဏဂုံသုံးပါးကို ဘယ်လိုဆောက်တည်ကြမလဲ၊ ဥပုသ်သီလအကြောင်း သိမှတ်ဖွယ်ရာ၊ ကြိုးစားဆောက်တည်ရမည့် အဒိန္နာဒါနာ သီလဟူသည့် ဆောင်းပါး စာစုခေါင်းစဉ်များကို လေ့လာဖတ်ရှုရမည်ဖြစ်သည်။

ဓမ္မစကားစာစုတွင် ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ အမရပူရ၊ တံတားဦး၊ တောင်ငူ၊ သံတောင်ကြီး၊ စဥ့်ကိုင်၊ နောင်ချိုအစရှိသည့် နယ်ပယ်ဒေသစုံမှ ဆရာတော် သံဃာတော်များ၏ ဓမ္မစကားများကို နာကြားလိုသူများအနေဖြင့် ဓမ္မအသိ၊ ဓမ္မကုသိုလ်များ ပွားများနိုင်မည်ဖြစ်သည်။

**စာအုပ်ကို ပြည်ချစ်သားစာပေမှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

### သက်ရှည်ကျန်းမာနည်းလမ်း ၁၀၀




စာရေးသူ ဒေါက်တာတင်ထွန်းဦးပြုစုရေးသားသည့် သက်ရှည်ကျန်းမာနည်းလမ်း ၁၀၀ ကျန်းမာရေးစာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ကျန်းမာရေးနှင့် အသက်ရှည်ရေးအတွက် နေထိုင်သွားလာ လုပ်ဆောင်နေမှုများ၊ နေ့စဉ်အမူအကျင့် အလေ့အထများနှင့်ပတ်သက်၍ ရှောင်ရန်ဆောင်ရန်နည်းလမ်းများ၊ စိတ်ကျန်းမာမှ ခန္ဓာကိုယ်လည်း ကျန်းမာနိုင်မည်ဖြစ်ရာ ပူပင်သောက ကင်းရှင်း၍ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နည်းများ၊ ကျန်းမာရေးနှင့်အညီ ချက်ပြုတ်ပြင်ဆင်စားသောက်နည်းများအပြင် အဖြစ်များသော ရောဂါလက္ခဏာများ၊ အရေးကြီးရောဂါနှင့် ကျန်းမာရေးပြဿနာများ၊ ကာကွယ်နည်းများ၊ သိသင့်သိထိုက်သော ရောဂါနှင့် ကျန်းမာရေးပြဿနာများ၊ ကာကွယ်နည်းများ၊ သိသင့်သိထိုက်သော အသက်ကယ်နည်းများကို စနစ်တကျပြုစုရေးသားထားသည်။

**စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်) ပထမထပ်၊ စင်ထရယ်တာဝါ၊ အနော်ရထာလမ်း၊ ၃၉ လမ်းထောင့် ဖုန်း-၀၁-၃၈၅၂၉၃၊ ၀၁-၈၃၉၂၇၃၉ ရန်ကုန်မြို့မှ ကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

### အမေရိကန်ပြည်ထောင်စုသို့ အလည်သွားရောက်ခြင်း

စာရေးသူ မင်းညိုစံပြုစုရေးသားသည့် အမေရိကန်ပြည်ထောင်စုသို့ အလည်သွားရောက်ခြင်း စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၏ ကမ္ဘာ့ငွေကြေးဌာနဖြစ်သည့် ဝေါစရိတ်လမ်း၊ တိုင်းစကွဲပြတိုက် သမိုင်းဝင်နေရာများ၊ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်၊ အင်ပါယာစတိတ်၊ လေယာဉ်တင်သင်္ဘော၊ Sky Walk၊ နယူးယောက်မြို့ရှိ ဘရွတ်ကလင်းတံတား၊ လေဘာတီရုပ်တု၊ ဖီလာခဲဖီးယားမြို့ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ အဆောက်အဦ၊ ဝါရှင်တန်ဒီစီ (ယခုသမ္မတရုံးစိုက်ရာ မြို့တော်)စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့သော အချက်အလက်များနှင့် စုဆောင်းမှတ်သားထားသော အကြောင်းအရာများကို ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြထားသည့်အပြင် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှု၊ ရယူသုံးစွဲမှု၊ ပြောဆိုဝတ်စားနေထိုင်မှု လူမှုဘဝပုံစံများကိုပါ လေ့လာနိုင်မည်ဖြစ်သည်။

**စာအုပ်ကို အမှတ်-၂၈(က)၊ ၁/အနော်မာ ၃ လမ်း အနောက်၊ သာကေတမြို့နယ် ဖုန်း-၀၉၇၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇ ရန်ကုန်မြို့မှ ကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



# (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၆၇ ခုမြောက် မြဝတီဘဏ်(မှော်ဘီ)ဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ ၆၇ ခုမြောက် မြဝတီဘဏ်(မှော်ဘီ) ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အဆိုပါ ဘဏ်ခွဲ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ မြဝတီဘဏ် ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ဖွင့်လှစ်ပေး**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘဏ်ခွဲကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ မြဝတီဘဏ်ခွဲ(မှော်ဘီ)ကို မှော်ဘီမြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဘိုကလေး ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယနေ့နံနက် ၁၁ နာရီတွင် ကိုဗစ်-၁၉ ရောဂါနှင့် မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ ပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များအား မြို့နယ်အတွင်း၌ လက်ကိုင်အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ဆောင်ရွက်ခဲ့သည်။

နှိုးဆော်ရာတွင် မိမိတို့မြို့ရွာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးသည် တစ်ဦးတစ်ယောက်ချင်းစီ၌ တာဝန်ရှိကြပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ထုတ်ပြန်ချက်များအား မဖြစ်မနေလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ ဘိုကလေးမြို့နယ်တွင်လည်း ကိုဗစ်-၁၉ ရောဂါပိုးရှိသူများ စတင်တွေ့ရှိနေပြီဖြစ်သဖြင့် ပေါ့ပေါ့ဆဆ နေထိုင်သွားလာခြင်းများအား အလေးထားရှောင်ကြဉ်ရမည်ဖြစ်ကြောင်း နှိုးဆော်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသူများလည်း သတ်မှတ်နေရာ၌ မဖြစ်မနေကာကွယ်ဆေးသွားရောက်ထိုးနှံနိုင်ရေး အသိပညာပေး နှိုးဆော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ဘုတ်ပြင်းမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသား သုံးဦးတွဲ ဖိတ်ခေါ်(အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။



**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲတွင် အောင်မင်္ဂလာ(၁)အသင်းနှင့် အောင်မင်္ဂလာ(၂)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုတ်ပြင်းတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသည့် ကမာချောင်းအသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေသားဆုများကို မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးမှူး ဦးနေလင်းအောင်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် အောင်မင်္ဂလာ(၂)အသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေသားဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှကြိုင်က လည်းကောင်း၊ ပထဆုရရှိသည့် အောင်မင်္ဂလာ(၁)အသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေသားဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက လည်းကောင်း ပေးအပ်ကြပြီး အနိုင်ရဗိုလ်စွဲခဲ့သည့် အောင်မင်္ဂလာ(၁)အသင်းအား တံခွန်စိုက်ဆုဖလားကို ဘုတ်ပြင်းမြို့နယ် အမှတ်(၁၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဦးစီးမှူး ပထမတန်း ဒုတိယဗိုလ်မှူးကြီး သော်ဇင်နိုင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ညောင်တုန်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက မြန်မာ့အားကစား တိုးတက်မြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ရာ အားကစားသမားများအနေဖြင့်လည်း အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်ရှင်းစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ယှဉ်ပြိုင်ကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး အားကစားသမားများက သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ မြို့နယ်ကိုယ်စားပြု အေရိုးဗစ်အဖွဲ့မှ ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ခင်ဦးမြို့နယ်၌ နွေသီးနှံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ခင်ဦး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် နွေသီးနှံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီ ၇ ရက်တွင် သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေ စတင်လွှတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် OMC တူးမြောင်းမှ ဧက ၂၀၀၀၀၊ SMC တူးမြောင်းမှ ဧက ၁၅၀၀၀၊ လျှပ်စစ်ရေတင်မှ ဧက ၁၂၆၀ နှင့် အခြားသီးနှံ ဧက ၁၀၀၀၀ စုစုပေါင်း နွေသီးနှံ ဧက ၄၆၂၆၀ စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်လှကြိုင်ထံမှ သိရသည်။ **စိုးဝေအောင်(ခင်ဦး)**






## "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် ပြဇာတ်သီချင်းသီဆိုမှု မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် ပြဇာတ်သီချင်းသီဆိုမှုကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)ညတွင် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

တူယှဉ်နွဲပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ အပတ်စဉ်(သောကြာနေ့)ညတိုင်း ကျင်းပခဲ့ရာ ယခုအခါ ဒုတိယအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ ဦးဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် စိတ်ကြိုက်တေးသီချင်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဖေဖော်ဝါရီ ၆ ရက်တွင် ပြဇာတ်တေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

### ယှဉ်ပြိုင်သီဆိုကြမည်

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03ရေရှိန်နား၊ မန္တလေးတိုင်းဒေသကြီးမှ MF04ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန်၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော်၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ MF09 ရှာန်ထူး၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နုတို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး The Ensemble တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်သည်။

ပထမပွဲစဉ် အုပ်စုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအမှတ်ပေးမှုအပြင် ပရိသတ်များအနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍(Voting) မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT SIM Card များမှ ကုဒ်နံပါတ် "7522" သို့လည်းကောင်း၊ Mytel SIM Card များမှ ကုဒ်နံပါတ် "7575" သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

ပွဲစဉ်၏နောက်ဆုံးသုံးပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)၊ ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **ကျောဖုံးမှ**

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပွဲကစားချိန် မိနစ် ၂၀ မှာ ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပေမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ခြင်းကြောင့်သာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့်ကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

အဲဒါကြောင့် မန်ယူအသင်းနဲ့ မစ်ဒယ်ဘရော့အသင်းတို့ ပွဲစဉ်ရဲ့ အနိုင်အရှုံးရလဒ်ကို ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ မန်ယူအသင်းဟာ မစ်ဒယ်ဘရော့အသင်းကို ရှစ်ဂိုး-ခုနစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ပင်နယ်တီကို ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့ တောင်ပံကစားသမား အီလန်ဂါဟာလည်း မန်ယူအသင်းအက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီး နောက်ပိုင်း လူမျိုးရေးခွဲခြားခံခဲ့ရတာဖြစ်ပါတယ်။

မစ်ဒယ်ဘရော့အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားပဉ္စမအဆင့်ကို တက်လှမ်းလာခဲ့တဲ့ ပထမဆုံးအသင်းဖြစ်လာခဲ့ပြီး ချယ်လ်ဆီးအသင်းနဲ့ ပလိုင်းမောက်အသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ပါတယ်။ အခြားသော ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကစ်ဒါမင်းစတားအသင်းနဲ့ ဝက်ဟမ်းအသင်းတို့ပွဲစဉ်မှာ ဝက်ဟမ်းတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ အက်ဖ်အေဖလား ပဉ္စမအဆင့်ကို တက်လှမ်း နိုင်ခဲ့ပါတယ်။ ကျန်ရှိတဲ့စတုတ္ထအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၅ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၆ ရက်မှာ မဲခွဲသွားမှာဖြစ်တယ်လို့ သိရပါတယ်။


**ငွေကြယ်**

* **၂၀၂၂ မှ**

၂၀၂၂ အာရှအားကစားပြိုင်ပွဲကို ယခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၊ ၂၀၂၃ ခုနှစ် ၃၂ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦး ရွေးချယ်ကာ စခန်းဝင်လေ့ကျင့်လျက် ရှိပြီး ယခုလဆန်းပိုင်းက ကျင်းပပြီးစီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေပြိုင်ပွဲမှ အလားအလာရှိသူများကိုလည်း ပဏာမ လက်ရွေးစင်အဖြစ် ရွေးချယ်ထားသည်။ ယင်းပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမား ၄၀ ကျော် ရွေးချယ်ထားပြီး ယခင်ရွေးချယ်ထားသည့် လက်ရွေးစင်ကစားသမား ၃၀ ကျော်နှင့် ပေါင်းစပ်ကာ ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ခဲ့သည့် အဖွဲ့ဖြစ်သည်။

မြန်မာရိုးရာလှေအဖွဲ့သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းမရှိတော့ဘဲ လာမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ရိုးရာလှေမပါဝင်သဖြင့် အာရှအားကစားပြိုင်ပွဲမှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် အာရှအားကစားပြိုင်ပွဲ မတိုင်မီ အခြားနိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများရှိပါက ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ်မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ **ကိုညီလေး**

## နိုင်ငံတော်ဩဝါဒါစရိယမန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် မိုးတားကျောင်းနှင့် ပြင်ဦးလွင်မြို့ အောင်ချမ်းသာတောရ မဟာသုရိယာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းရွာတွင် ခမည်းတော် ဦးငွေး၊ မယ်တော် ဒေါ်သောင်းတို့မှ ၁၂၉၈ ခုနှစ် နတ်တော်လဆန်း ၈ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၁၀ ပြည့်နှစ်တွင် မတ္တရာမြို့နယ် ပျော်ဘွယ်ရွာ တာရိုးကျောင်းဆရာတော် ဘဒ္ဒန္တနာယကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်တွင် အနောက်ခင်မကန်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချမ်းအေးသာစံမြို့နယ် အနောက်ပြင်ဒီဘိုးလမ်း ဦးထွန်းလှ၊ ဒေါ်အေးကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ အနောက်ခင်မကန်တိုက်ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် မတ္တရာမြို့နယ် ပျော်ဘွယ်ရွာ တာရိုးကျောင်း ဆရာတော် ဘဒ္ဒန္တနာယက၊ မန္တလေးမြို့ အနောက်ခင်မကန်တိုက် မိုးတားကျောင်းဆရာတော် ဘဒ္ဒန္တပညာဘိဝံသ၊ တောင်သမန်တိုက် မဟာမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကေသဝါဘိဝံသ၊ စံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိမာဘိဝံသ၊ မိုးကောင်းဒေးဝန်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ စကုအလယ်တိုက်ကြီးဆရာတော် ဘဒ္ဒန္တနန္ဒာစရိယာဘိဝံသ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သကျသီဟဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယဘွဲ့များနှင့် ဒီဃနိကာယပါဠိပါရဂူဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် အစိုးရဓမ္မာစရိယစာမေးပွဲများတွင် ကြီးကြပ်ရေးအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးပထမပြန်ဗဟိုအဖွဲ့ခွဲ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ပဉ္စမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ၁၃၇၅ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကိုထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၁ ခုနှစ်တွင် "မဟာဓမ္မကထိကဗဟုဇနဟိတဓရ" ဘွဲ့နှင့် ၂၀၀၃ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၇)နှစ် သိက္ခာတော်(၆၇)ဝါအရ ၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၅ ရက်၊ ၅-၂-၂၀၂၂ (စနေနေ့) နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

## နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် မိုးတားကျောင်းနှင့် ပြင်ဦးလွင်မြို့ အောင်ချမ်းသာတောရ မဟာသုရိယာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ)ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် မိုးတားကျောင်းနှင့် ပြင်ဦးလွင်မြို့ အောင်ချမ်းသာတောရ မဟာသုရိယာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယက မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါအရ ၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၅ ရက်၊ ၅-၂-၂၀၂၂၊ (စနေနေ့)နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ်( ၁ / ၂၀၂၂ )
## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၄ )ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ဌာနအသီးသီးတွင် ဖြည့်တင်းခန့်ထားရန်အတွက် အငယ်တန်းအင်ဂျင်နီယာ(၂)၊ ဒု-ဦးစီးမှူး(စက်/လျှပ်) (မြို့ပြ)နှင့်လျှပ်စစ်ကျွမ်းကျင်(၂)ရာထူး စုစုပေါင်း( ၅၅၂)နေရာကို သတင်းစာမှ ထုတ်ပြန်ကြော်ငြာခေါ်ယူခဲ့ပြီး ရေးဖြေစာမေးပွဲအား စာစစ်ဌာန(၅)ခုၡ် (၉-၁-၂၀၂၂)ရက်နေ့တွင် ဖြေဆိုခဲ့ကြသူများအနက်မှ လူတွေ့အရည်အချင်းစစ်ဆေးခံရန် အောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်ပြီး ဖော်ပြပါရက်များအလိုက် လူတွေ့စစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည် -

**( ၁၄-၂-၂၀၂၂ )ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
NPW - 001, 008, 009, 011, 013, 014, 016, 017, 022, 027, 028, 034, 039, 041, 042, 043, 044, 045, 051, 052, 055, 056, 059, 061, 062, 066, 068, 069, 070, 073, 075, 077, 078, 079, 080, 081, 082, 085, 086, 089, 093, 095, 097, 098, 099, 101, 108, 109, 110, 115, 117, 118

**(၁၅-၂-၂၀၂၂ )ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
NPW - 120, 122, 123, 124, 125, 126, 127, 128, 131, 132, 133, 134, 138, 140, 142, 143, 144, 145, 147, 148, 149, 150, 151, 152, 153, 155, 156, 157, 159, 160, 161,162, 170, 171, 172, 176, 180, 181, 182, 184, 185, 187, 188, 189, 192, 193, 195, 196, 197, 198, 200

**(၁၆-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
NPW - 204, 206, 207, 209, 210, 212, 213, 214, 217, 218, 219, 223, 228, 229, 230, 231, 235, 236, 237, 238, 241, 242, 243, 244, 245, 246, 247, 249, 250, 251, 252, 254, 257, 259, 261, 266, 267, 268, 276, 277, 278, 286, 291, 293, 294, 305, 306, 307, 308, 311, 320

**(၁၇-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
NPW - 322, 323, 327, 328, 335, 336, 338, 339, 340, 341, 342, 345, 347, 348, 349, 350, 351, 355, 356, 357, 358, 359, 368, 372, 374, 375, 377, 378, 380, 381, 383, 385, 386, 392, 394, 397, 399, 400, 401
YGN - 001, 004, 005, 007, 008, 009, 010, 017, 018, 019, 025

**(၁၈-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
YGN - 026, 027, 029, 030, 036, 040, 041, 042,044, 046, 047, 059, 060, 061, 064, 066, 067, 068, 070, 071, 072, 073, 078, 081, 084, 085, 092, 093, 094, 097, 098, 099, 100, 101, 103, 108, 109, 110, 112, 114, 115, 116, 117, 121, 122, 123, 124, 125, 138, 139, 140

**(၁၉-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
YGN - 142, 143, 144, 145, 146, 147, 149, 152, 153, 154, 165, 166, 167, 168, 169, 170, 171, 172, 173, 174, 175, 176, 177, 179, 180, 181, 183, 184, 185, 186, 188, 190, 191, 193, 195, 198, 199, 215, 217, 218, 219, 220, 222, 223, 224, 227, 251, 252

**(၂၀-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
YGN - 254, 255, 256, 258, 259, 262, 263, 264, 270, 297, 299, 300, 302, 303, 304, 306, 307, 308, 309, 310, 311, 313, 315, 316, 319, 321, 322, 323
MDY - 1, 3, 4, 5 , 6, 7, 8, 9, 10, 11, 13, 15, 16, 18, 24, 26, 32, 33, 34, 35, 37, 39, 40

**(၂၁-၂ -၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
MDY - 43, 46, 48, 49, 51, 52, 53, 54, 56, 57, 60, 62, 64, 68, 69, 70, 71, 73, 74, 76, 81, 82, 89, 94, 98, 99, 100, 115, 117, 118, 119
MGY - 1, 3, 8, 12, 18, 20, 24, 25, 26, 28, 31, 33, 34, 35, 39, 43, 46

**(၂၂-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
MGY - 49, 53, 57, 61, 64, 69, 70, 72, 75, 79, 84, 85, 86, 92, 93, 95, 96, 103, 106, 109, 110, 112, 113, 122, 123, 124, 125, 131, 137, 143, 144, 147, 149, 150, 153, 157, 159, 160, 161, 166, 168, 169, 170, 171, 172, 173, 176, 177, 182, 186, 193, 196

**(၂၃-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EP ဘာသာရပ်ခုံနံပါတ်များ**
MLM - 0002, 0003, 0004, 0005, 0006, 0009, 0015, 0016, 0020, 0022, 0023, 0026, 0027, 0029, 0030, 0031, 0032, 0034, 0035, 0043, 0044, 0046, 0048, 0051, 0052, 0054, 0055, 0056, 0057, 0058, 0059, 0060, 0061, 0066
**EC ဘာသာရပ်ခုံနံပါတ်များ**
NPW - 002, 024, 025, 033, 035, 040, 046, 049, 050, 060, 065, 067, 071, 072, 088, 107, 112, 113, 114

**(၂၄-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EC ဘာသာရပ်ခုံနံပါတ်များ**
NPW - 116, 137, 139, 141, 154, 158, 164, 165, 174, 177, 190, 191, 199, 221, 225, 232, 248, 258, 262, 264, 296, 297, 302, 309, 315, 346, 371, 395
YGN - 011, 021, 022, 031, 049, 051, 052, 126, 128, 129, 130, 131, 155, 156, 158, 203, 205, 208, 233, 238, 239, 240, 274, 293

**(၂၅-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**EC ဘာသာရပ်ခုံနံပါတ်များ**
MDY - 122, 128, 129, 133, 135, 136, 141, 145
MGY - 4, 11, 13, 30, 48, 54, 62, 74, 81, 97, 114, 116., 117, 191, 198
MLM - 0008, 0013, 0018, 0025, 0033, 0039, 0040, 0063, 0064
**IT ဘာသာရပ်ခုံနံပါတ်များ**
NPW - 036, 233, 292 ၊ YGN -243, 285, 337 ၊ MDY - 161, 164, 165, 166, 168 ၊ MGY - 185
**MP/MC/MT ဘာသာရပ်ခုံနံပါတ်များ**
NPW - 102, 105, 121, 175, 179, 183, 227, 234, 255, 256, 376, 379, 382

**(၂၆-၂-၂၀၂၂ ) ရက်နေ့ နံနက်(၀၉:၃၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့်ခုံအမှတ်များ**
**MP/MC/MT ဘာသာရပ်ခုံနံပါတ်များ**
YGN - 249 ၊ MDY - 172 , 175 ၊ MGY - 99 ၊ MLM - 0038
**Civil ဘာသာရပ်ခုံနံပါတ်များ**
NPW - 053, 076, 096, 100, 111, 186, 220, 224, 239, 240, 265, 288, 360, 365
YGN - 014, 053, 075, 134, 209, 211, 242 , 334 ၊ MDY - 190, 192, 196 ၊
MLM - 0037, 0062 ၊ MGY - 5, 6, 10, 37, 50, 105, 127, 151, 189

၂။ လူတွေ့ဖြေဆိုမည့်သူများသည် ဖြေဆိုမည့်နေ့ရက်မတိုင်မီ (၁)ရက်ကြိုတင်၍ နံနက်(၀၉:၀၀)နာရီမှ (၁၄:၀၀)နာရီအတွင်း အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ အချိန်မီသတင်းပို့ရမည်ဖြစ်ပါသည် -
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/မိတ္တူ) ၊
- ( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း/မိတ္တူ) ၊
- ( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိ ထောက်ခံချက်၊
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
  - (၁) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊
  - (၂) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်(မူရင်း)၊
  - (၃) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် (မူရင်း)
    [လွန်ခဲ့သော (၆)လအတွင်း ရယူထားသော ထောက်ခံချက်ဖြစ်ရမည်]

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်သတင်းပို့/ ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း၊ အုပ်စု(၁၁)ဝင်းရှိ အောက်ဖော်ပြပါ သိုလှောင်ရုံအဆောက်အဦ(၅)လုံးတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ် စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%)တို့အား (၁၂)လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က)
- Lot (1) သိုလှောင်ရုံအမှတ်(၅)၊ အကျယ်အဝန်း(အလျား၆၀'x အနံ၇၅'x အမြင့်၁၇')(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း) အဆောက်အဦ(၁)လုံး။
- Lot (2) သိုလှောင်ရုံအမှတ်(၆)၊ အကျယ်အဝန်း(အလျား၁၄၀'x အနံ၈၀'x အမြင့်၁၇')(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း) အဆောက်အဦ(၁)လုံး။
- Lot (3) သိုလှောင်ရုံအမှတ်(၇)၊ အကျယ်အဝန်း(အလျား၁၅၀'x အနံ၈၀'x အမြင့်၁၇')(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း) အဆောက်အဦ(၁)လုံး။
- Lot (4) သိုလှောင်ရုံအမှတ်(၈)၊ အကျယ်အဝန်း(အလျား၁၇၅'x အနံ၈၀'x အမြင့်၁၇')(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း) အဆောက်အဦ(၁)လုံး။
- Lot (5) သိုလှောင်ရုံအမှတ်(၁၀)၊ အကျယ်အဝန်း(အလျား၁၂၀'xအနံ၇၅'x အမြင့်၁၇')(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း) အဆောက်အဦ(၁)လုံး။

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - (၇-၂-၂၀၂၂ မှ ၇-၃-၂၀၂၂ ထိ) (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ နေပြည်တော်။ |
| (ဃ) | တင်ဒါစည်းကမ်းရှင်းလင်းခြင်းနှင့် တင်ဒါတင်သွင်းဖွင့်ဖောက်မည့်နေ့ရက် | - တင်ဒါဝယ်ယူသူများသို့ ဆက်သွယ်အကြောင်းကြားပေးပါမည်။ |
| (င) | နေရာ | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ နေပြည်တော်။ |

၂။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ငှားရမ်းမည့်အခန်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း(၀၆၇-၄၀၈၆၁၃ နှင့် ၀၁-၃၈၉၃၄၁)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

## အများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၃၂)၊ မြေကွက်အမှတ်(၁၃၀)ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၄၀x၆၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအား ပါမစ် အမည်ပေါက်ဖြစ်သူ ဦးဖေကြည် [၁၄/ပသန(နိုင်)၀၂၉၀၅၆]ထံမှ (၂၂-၆-၂၀၁၀)ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင့်ဖော်ရွှေ [၁၄/ပသန(နိုင်)၀၀၅၅၀၉]က ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် စာရွက်စာတမ်းမူရင်း(ပါမစ်မူရင်း)များကို လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉- ၂၆၄၁၉၉၂၈၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-င၊ မြေကွက်အမှတ်-၂၁ အမ်/၁၊ (၀.၂၀၆)ဧက၊ မြေကွက်တည်နေရာအမှတ်-၇၄/အေ၊ အင်းယားလမ်း၊ ဒေါ်တင်မာဝင်း[၁၂/ကမရ(နိုင်)၀၂၇၆၂၁] အမည်ပေါက် မြေပိုင်မြေ(မစိုက်ပျိုးမြေ) မြေအား အမည်ပေါက်ဖြစ်သူ ဒေါ်တင်မာဝင်း [၁၂/ကမရ(နိုင်)၀၂၇၆၂၁]က အမည်ပေါက်စာချုပ်ဖြစ်သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်-၂၁၁၇/၂၀၀၈(၂၄-၉-၂၀၀၈)မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ မြောက်ကွက်သစ်ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၁)နေ (ဦးအောင်သန်း) - ဒေါ်ခင်စု ("သူဇာထွန်း" ကုန်စုံဆိုင်)တို့၏ သမီးလတ် မစန်းစန်းအေး [၁၃/တကန(နိုင်)၁၃၁၈၂၇]သည် မိဘဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမများအား ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်ပြီး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲစေသော ကိစ္စရပ်များ၊ အရှက်ရစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် အဆိုပါသမီးဖြစ်သူ မစန်းစန်းအေးအား အမွေစားအမွေခံ သမီးအဖြစ်မှ လည်းကောင်း၊ ညီအစ်ကို မောင်နှမများမှ ညီအစ်ကိုမောင်နှမ(ညီမ/အစ်မအဖြစ်)မှလည်းကောင်း အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မစန်းစန်းအေးနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ခင်စု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းသိန်းစိုးစံ**
**တရားလွှတ်တော်ရှေ့နေ(LL.B)**
**(စဉ်-၁၅၅၃၂)**
**အမှတ်(၁၅၃)၊ ကျွန်းရွှေဝါလမ်း၊ မြောက်ကွက်သစ်ရပ်ကွက်၊**
**ရပ်စောက်မြို့။ ဖုန်း-၀၉-၂၆၁၅၈၅၁၀၇**

---

သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် တင်ဒါခေါ်သည်။ ဖောင်တစ်စောင်လျှင် ဒေါ်လာ ၁၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။ 28-2-2022 တွင် ဖောင်ပိတ်မည်။ စုံစမ်းရန် -09-774222220

**ဆော်ဒီအာရေးဗျသံရုံး၊ ရန်ကုန်။**

---

## ပြေစာမူရင်း အမှန်တကယ်
## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ ဖွဲ့မာန်သစ်စက်လုပ်ငန်းပိုင်ဖြစ်သော ပြေစာ No.748363(3/2020-2021)(233 Pes.60.9342 Tons.) မူရင်းနှင့် သစ်အတိုင်းစာရင်းမူရင်းတို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၄၇၁၆၇**

---

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ
## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်-၁၂၉တွင် နေထိုင်သူ ဦးမြတ်ထွန်း(ဘ) ဦးထွန်းထွန်း [၁၂/ဥကတ(နိုင်)၁၃၁၁၄၆](SGIC-S 7169074 A)နှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းဝင့်လွင် (ဘ) ဦးမြင့်ဦး [၁၂/လမတ(နိုင်)၀၀၀၅၈၇](SGIC-S 7469399 G)တို့သည် (၂၄-၁၂-၂၀၀၈)ရက်နေ့တွင် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး၊ သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် အကြင်လင်မယားအဖြစ်မှ (၂-၂-၂၀၂၂)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင်တွင် ဦးမြတ်ထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းဝင့်လွင်နှင့် လုံးဝပတ်သက်သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နှင်းဝင့်လွင်** | **ဒေါ်ခင်နွဲ့ရီ (LL.B)** |
| **[၁၂/လမတ(နိုင်)၀၀၀၅၈၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၂၅)** |
| | **တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉- ၈၉၃၅၆၆၃၇၀** |

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ဒေါ်စန်းစန်းဦး အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ စိမ်းလဲ့ကန်သာလမ်း၊ အမှတ်-၁၂၇(A) တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၆/B၊ မြေကွက်အမှတ်-၁၅ အယ်လ်(၁)/၂ အေ၊ ဧရိယာ(၀.၁၄၉)ဧကရှိ မြေပိုင်မြေ (မစိုက်ပျိုးမြေ)ကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်+အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၂၆၈၁၊ ၀၁-၈၅၅၀၇၇၆**
**H.P ၀၉-၅၀၂၁၂၄၄၊ ၀၉- ၄၅၅၀၂၁၂၄၄**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၈၈၅)၊ ဦးကျော်ထူး အမည်ပေါက်သည့် မြေချပါမစ်မူရင်း မြေအကျယ် ပေ(၄၀x၆၀) အနက်မှ အိမ်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း (ပါမစ်မူရင်းခြမ်း) မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေနှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်ခိုင် [၁၂/တမန(နိုင်)၀၆၀၅၂၅]ကိုင်ဆောင်သူမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆိုင်းတောင် [၁/မညန(နိုင်)၀၉၀၅၁၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆိုင်းတောင်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)** |
| | **အမှတ်(၈၅၄)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉- ၂၅၆၃၂၂၀၉၁** |

---

## ဦးအောင်အောင်ဦး [၁၂/လမန(နိုင်)၁၄၃၈၂၁]နှင့်
## ပတ်သက်ဆက်နွယ်သူများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသင်းသင်းအေး[၁၂/ရပသ(ပြု)၀၀၀၂၈၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ-

ဦးအောင်အောင်ဦးနှင့် မသင်းသင်းအေးတို့သည် အိမ်ထောင်ဘက်မရှိ လွတ်လပ်သူများဖြစ်ကြကြောင်း၊ တစ်ဦးနှင့်တစ်ဦးအသိပေးယုံကြည်ကြသဖြင့် (၇-၄-၂၀၂၀) ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၌ လက်ထပ်စာချုပ်ပြုလုပ်၍ တရားဝင်လက်ထပ်ထိမ်းမြား အတူနေထိုင်ပေါင်းသင်းလျက်ရှိသောကြောင့် ယနေ့တိုင် မသင်းသင်းအေးသည် ဦးအောင်အောင်ဦး၏ တရားဝင်ဇနီးမယားဖြစ်ပါသည်။ (၂၅-၁-၂၀၂၂) ရက်နေ့တွင် ဦးအောင်အောင်ဦးသည် မသင်းသင်းအေး၏ စီးပွားရှာဖွေစုဆောင်းထားသော ရွှေနားကပ်(၁)စုံ၊ ရွှေလက်စွပ်(၂)ကွင်း၊ ဆိုင်ကယ်(၁)စီးတို့အား ယူဆောင်၍ ထွက်ခွာသွားခဲ့ပြီး ပြန်မလာသောကြောင့် မသင်းသင်းအေးသည် ဦးအောင်အောင်ဦးရှိရာ သွားရောက်ခေါ်သော်လည်း ဦးအောင်အောင်ဦးအပါအဝင် ဦးအောင်အောင်ဦး၏ မိဘညီအစ်ကိုမောင်နှမများမှ မသင်းသင်းအေးအား ဆဲဆိုရိုက်နှက် ခြိမ်းခြောက်ခဲ့ပါသည်။ သို့ပါ၍ ယနေ့ကြေညာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ဦးအောင်အောင်ဦးသည် ဇနီးဖြစ်သူ မသင်းသင်းအေးနှင့် လာရောက်တွေ့ဆုံကာ မျက်နှာစုံညီ ဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**မသင်းသင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကေကျော်ကိုကို LL.B.,D.B.L** | **ဒေါ်အေးနန္ဒာ LL.B,D.B.L,D.ML, D.IL** |
| **အထက်တန်းရှေ့နေ (စဉ်-၂၃၆၈၅/၂၀၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈/၂၀၁၂)** |
| **ဒေါ်ငုဝါ LL.B, D.BL** | **ဒေါ်ခင်မြတ်ချို (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၀၄၀၉/၂၀၁၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၆/၂၀၁၄)** |

**အမှတ်-၁၂/ဒုတိယထပ် (ဝဲ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၆၁၇၂၂၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ အောင်သုခလမ်း၊၃-လွှာ၊ (ဒုတိယထပ်)၊ ခြေရင်းဘက်ခြမ်း၊ တိုက်အမှတ်(၄၈၂)ဟုခေါ်တွင်သော ရေမီး၊ မီတာ စုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမင်းသူရထက် [၁၂/ဥကတ(နိုင်)၀၀၇၂၉၆]နှင့် ဒေါ်မာမာခိုင် [၅/ကလထ(နိုင်)၁၂၅၅၀၁၂]တို့မှ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၂၅၅)**
**အမှတ်(၁၀၁)၊ ၅၁-လမ်း (လယ်)၊ ၉-လွှာ၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၂၀၄၂၀၈၇၁**

**ဦးရန်နိုင်ဟိန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၂၅)**
**အမှတ်(အေ-၂၁)၊ ကြာဖြူလမ်း၊ ၁-ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉- ၇၉၉၂၃၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၁)လမ်း၊ အမှတ်(၂၉၉)၊ (ပထမထပ်)၊ (၂၃x၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ " (၁-၁၀-၂၀၁၇) ရက်နေ့စွဲပါ (၆)ထပ်တိုက်အဆောက်အဦဆောက်လုပ်ရန်မြေရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူ ကတိစာချုပ်" အရ ကန်ထရိုက်တာ ဒေါ်ခိုင်ခင်ဦး [၇/လပတ(နိုင်)၁၃၀၀၇၁]မှ တစ်ဦးတည်း ရရှိပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ယင်းတိုက်ခန်းတန်ဖိုးငွေ၏ တချို့တစ်ဝက်အား စရန်ငွေပေးချေ၍ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်စာပိုဒ်ပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူသည် တိုက်ခန်းနှင့်သက်ဆိုင်သော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါလျှင် တိုက်ခန်းအရောင်းအဝယ်အား ပြီးမြောက်သည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနိုင်လင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၇)**

**ဒေါ်နှယ်နီမေဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၇၂၉၇)**

**အမှတ်(၈၃)၊ အခန်း(၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၄၁၂၈၁၂၊ ၀၉-၂၅၄၄၁၃၈၂၊ ၀၉-၇၉၅၅၉၇၀၂၈။**

## မြေကွက်(၂)ကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးနေကြောင်း အများသိရှိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်တွင်တည်ရှိသော မြေကွက်ကြီးအမှတ်-၇၊ အိမ်ရာအကွက်ငယ်အမှတ်-၂၉၂ ၏ အမည်ပေါက် ဦးဌေးကြည် [၁၂/လကန(နိုင်)၀၀၅၀၇၅]မြေကွက်နှင့် အိမ်ရာအကွက်ငယ်အမှတ်-၃၀၅၏ အမည်ပေါက် ဦးခင်မောင်ရင် (D/RGN-၀၁၄၆၂၂) မြေကွက်သည် ထိုသူတို့၏ အမည်များဖြစ်ကြပြီး၊ အဆိုပါ မြေကွက်(၂)ကွက်အား ဦးနေမျိုးဇော် [၅/စကန(နိုင်)၁၄၀၀၇၁]မှ ဦးစွာဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းဦးနေမျိုးဇော်ထံမှ (၂၂-၈-၂၀၁၃)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်စန္ဒာထွန်း [၁၂/အစန(နိုင်)၁၆၈၀၈၃]နှင့် ဒေါ်ပိုပိုသိန်း [၉/မလန(နိုင်)၀၉၇၃၀၉]တို့ နှစ်ဦးက ဆက်လက်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ ယခုအခါ၌ အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်ပတ်သက်သည့် ဝယ်ယူပိုင်ဆိုင်ထားသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများသည် မိတ်ဆွေတို့ အိမ်ပြောင်း၊ အိမ်ရွှေ့များပြုလုပ်ခဲ့သည့်အချိန်၌ ပစ္စည်းများရွှေ့ပြောင်းစဉ်အထားမှား၍ ပျောက်ဆုံးမှုရှိနေပါသဖြင့် လက်ဝယ်တွေ့ရှိ ရရှိထားသူများမှ ဆက်သွယ်အကြောင်းကြား ပြန်ပေးနိုင်ရန်အတွက်နှင့် အကယ်၍ ဤပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးနေကြောင်းကို အများသိရှိစေရန် ကြော်ငြာထားခြင်းဖြစ်၍ မြေကွက်များ၏ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်းအစရှိသော ကိစ္စရပ်များအား မပြုလုပ်ကြပါရန် ကျွန်ုပ်မိတ်ဆွေ(၂)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ပျောက်ဆုံးမှုရှိနေကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၀၁)**
**အမှတ်(၂၃၁)၊ ၃-လွှာ(အေ)၊ ၄ဝါလမ်း၊ စောမြောက်ရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

အသုံးမလိုတော့သော
လေအေးပေးစက်များ
ဝယ်ယူလိုပါသည်။
09 25 35 82510

အောင်ကမ္ဘာ
ဒဂုံမြို့သစ် (တောင်ပိုင်း)
ဆိပ်ကမ်းအရှေ့ပိုင်း၊
မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောင်းငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ် (၈+၉)၊ မြေဧရိယာ (၁၁. ၈၈၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် **Original Group Co.,Ltd.** မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသည့်မြေကွက်ဖြစ်ပြီး။ ၎င်းမြေကွက်အား ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ကိုယ်စား ဦးသာဌေး (၁၂/အစန (နိုင်) ၀၃၀၁၈၂)မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ချိုချိုဝင်း LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၁၂)
အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၅၁၃၂၊ ၀၉ ၉၆၇၆၈၅၅၅၆

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၆)မိုင်ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၈)နေထိုင်သူ ဦးမြင့်ဟိန်းဌေး [၉/ခအဇ(နိုင်)၀၀၃၈၃၉]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ဦးမြင့်ဟိန်းဌေး၏ မွေးစားမိခင်ဖြစ်သူ ဒေါ်တင်ကြည်ဦး [၁၂/လမန(နိုင်)၀၆၄၂၀၈] သည် (၂၄-၇-၂၀၂၁) ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး၊ ၎င်း၏ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့် ဘဏ်အကောင့်များထဲတွင် အပ်နှံထားသော ငွေများအား တရားဝင်အမွေဆက်ခံသူ ကိတ္တိမမွေးစားသားဖြစ်သူ ဦးမြင့်ဟိန်းဌေး [၉/ခအဇ(နိုင်)၀၀၃၈၃၉]တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ခွင့်ရှိပါသည်။

ထို့ကြောင့် ဦးမြင့်ဟိန်းဌေး၏ ခွင့်ပြုချက်မရရှိဘဲ ဒေါ်တင်ကြည်ဦး၏ ဘဏ်အကောင့်များထဲမှ ငွေထုတ်ယူသုံးစွဲခြင်း၊ ဒေါ်တင်ကြည်ဦးပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ဝယ်ယူခြင်း အစရှိသည့်ကိစ္စရပ်များ တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးစုစုရည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၈၈)**
**အမှတ်(၁၂)၊ ရွှေနှင်းဆီလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀ ၁၄၅၇၂၉၊ ၀၉- ၇၆၄၆၁၅၉၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ်(၃၂ကေ၃)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဘီ၊ မြေကွက်အမှတ်-၃၂ကေ၃၊ မြေအမည်ပေါက် ဒေါ်တင်ကြည် မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် ဒေါ်တင်ကြည်သည် (၁၃-၁-၂၀၁၁)ရက်တွင်လည်းကောင်း၊ (ခင်ပွန်း)ဖြစ်သူ ဦးဝင်းထိန်သည် (၂၂-၉-၂၀၁၇)ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး မိခင်(ဒေါ်တင်ကြည်)နှင့် ဖခင်(ဦးဝင်းထိန်)တို့မှ သားသမီး(၆)ဦးဖြစ်သော (၁)ဒေါ်အေးဝင်း၊ (၂)ဦးလှမင်း၊ (၃)ဒေါ်ခင်ချိုဝင်း၊ (၄)ဒေါ်ချိုချိုပြုံး၊ (၅)ဒေါ်မို့မို့သွင်၊ (၆)ဦးသာထွန်းအောင်တို့ကို မွေးဖွားခဲ့ကြောင်း၊ ယင်း(၆)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူ ကိတ္တိမမွေးစားသားသမီးတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း၊ အဆိုပါမြေကွက်အား သားသမီး(၆)ဦးဖြစ်သူ ဒေါ်အေးဝင်း+၅မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုသည့် ဒေါ်အေးဝင်း[၁၂/ဗဟန(နိုင်)၀၃၃၁၇၄]၊ ဦးလှမင်း[၁၂/ဗဟန(နိုင်)၀၉၆၇၅၅]၊ ဒေါ်ခင်ချိုဝင်း[၁၂/ဗဟန(နိုင်)၀၃၁၉၄၃]၊ ဒေါ်ချိုချိုပြုံး[၁၂/ဗဟန(နိုင်)၀၃၃၁၇၃]၊ ဒေါ်မို့မို့သွင်[၁၂/ဗဟန(နိုင်)၀၃၂၇၃၇]၊ ဦးသာထွန်းအောင်[၁၂/ဗဟန(နိုင်)၀၀၀၀၅၀]တို့၏ ၂၉-၇-၂၀၂၀ ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်းတို့နှင့်အတူ (၁၉၉၅)ခုနှစ်တွင် ဒေါ်တင်ကြည်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ပြီး ယင်းဘဏ်ချေးမြေပုံမူရင်းမှာ ၎င်းတို့ထံတွင်မရှိဘဲ ပျောက်ဆုံးလျက်ရှိပြီး ဌာနသို့ ပြန်လည်အပ်နှံခြင်းမရှိ၍ ဘဏ်ချေးမြေပုံမူရင်းနှင့်ပတ်သက်ပြီး နောက်နောင်ပေါ်ပေါက်လာမည်ကိစ္စအဝဝအား အပြည့်အဝတာဝန်ယူပါကြောင်း ကျိန်ဆိုသည့် ဒေါ်အေးဝင်း+၅၏ ၁၄-၅-၂၀၂၁ ရက် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်အေးဝင်း+၅ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာအဆင့်မြင့်တာဝါ၊ တိုက်အမှတ်ငွေလရောင်တာဝါ(B)၊ အခန်းအမှတ်(၁၂၀၅)၏ အမည်ပေါက် ဦးသိုက်ဒင် [၉/မရမ(နိုင်)၀၂၉၉၈၂]ထံမှ ဦးဝင်းအောင် [၁၂/သဃက(နိုင်)၀၁၃၄၉၈]က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၄- ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်- (၂၃၄+၂၃၅) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၆၄၊ လူနေရပ်ကွက် (-)၊ မြေကွက်အမှတ်-(၂၃၄+၂၃၅)၊ ဧရိယာ(၆၀ပေx၈၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးကျင်မောင်[၁၂/ဗတထ(နိုင်)၀၃၀၁၀၃] အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးကျင်မောင်၏ကိုယ်စား ၎င်း၏ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအင်ကြူ [၁၂/ဗတထ(နိုင်)၀၂၂၉၃၉] မှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားဝယ်ယူခြင်းအတွက် ကန့်ကွက်လိုပါက ယနေ့မှစပြီး(၃)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို တရားဝင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

"ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ တောင်ငူလမ်း၊ မြေကွက်အမှတ် (၄၂၁)၊ မြေအမျိုးအစား နှစ် (၆၀) ဂရန် အကျယ်အဝန်း အလျား ပေ (၄၀) x အနံ ပေ (၆၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ်၊ ရေ၊ မီးအစုံနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာ ဌာနတွင် ဦးကျော်ရွှေ (၁၂/ဥကတ (နိုင်) ၀၂၄၂၄၁) အမည်ပေါက်မှတ်သားတည်ရှိပြီး ယခုအပိုင်ရောင်းချသူများဖြစ်သော **ဦးကျော်ရွှေ** (၁၂/ဥကတ (နိုင်) ၀၂၄၂၄၁) နှင့် **ဒေါ်နော်ရိုးဇက်** (၁၄/သပန (နိုင်) ၀၄၂၁၅၂) တို့မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံ ရောင်းချခြင်းမပြုကြောင်း ဝန်ခံကတိပြု၍ အဆိုပါမြေကွက်အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်အမှုသည်က အပြီးအပိုင် ဝယ်ယူရန်အတွက် (၄-၂-၂၀၂၂) ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြောင်းနှင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင် ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း (မူရင်း) များဖြင့် ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ --

(၁) ဒေါ်အိဝင်းဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၇၄)
LL.B, D.I.R, D.B.L,D.I.L,D.M.L

(၂) ဒေါ်ပြည့်ပြည့်လှိုင်ထွန်း
အထက်တန်းရှေ့နေ (စဉ်-၄၈၀၁၂)
LL.B, D.B.L,D.I.P.L,D.M.L.D.C.W.E

"ရာမည" Legal Services
(ဥပဒေရေးရာအတိုင်ပင်ခံနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်း)
အမှတ်-၅၂၁၊အခန်း(1-A)၊ပ-ထပ်၊မေဓါဝီလမ်းမကြီး၊(စ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း - ၀၉-၂၆၀၀၈၇၇၅၅၊ ၀၉-၆၆၀၀၈၇၇၅၅၊
E-mail:yarmanyalegalservices21@gmail.com

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ မြကန်သာလမ်း၊ မြေကွက်အမှတ်(၂၀၁)ဟုခေါ်တွင်သော အလျားxအနံ (၂၀ပေx၆၀ပေ)အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် လုံးချင်းတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သည်ဟုအဆိုရှိသူ ဦးအေးကျော်[၁၂/လသန(နိုင်)၀၁၀၉၁၂]က ကျွန်ုပ်၏မိတ်ဆွေအား ကာလပေါက်ဈေးဖြင့်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူပြီး စရန်ငွေအချို့ကို ပေးအပ်ထားပါသည်။ အကယ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဌေးလွင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၄၀၈)**
**အမှတ်(၆၀၁)၊ (၂၁)ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ (၁၃) ရပ်ကွက်၊ စစ်တွေလမ်း၊ မြေကွက်အမှတ်(၁၃၀)ဟု ခေါ်တွင်သည့် မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်အေးအေးမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက် ဒေါ်အေးအေးမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးမြင့်မောင် (CE-၀၈၀၄၆၇)မှ မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ (၂၀x ၆၀) ပေအား ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေး [၁၂/ဥကမ(နိုင်)၁၇၀၀၁၀]က ၎င်းမြေကွက် (၂၀x၆၀)ပေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၅၁) (၃၀-၉-၂၀၁၆)**
**အမှတ်(၁၆၁)၊ (3C) ရတနာမဥ္ဇူလမ်း၊ (ဆ/က) ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၉၈၆၄၃၄၁**

## "ဦးဇော်ရဲထွဋ် [၉/မခန(နိုင်)၂၂၅၁၁၄]နှင့်အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်-၄၀၄ (၅လွှာ)တွင် နေထိုင်သူ ဒေါ်နှင်းစုဝေ [၁၂/မရက(နိုင်)၁၆၆၈၂၀]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ-

ဒေါ်နှင်းစုဝေနှင့် ဦးဇော်ရဲထွဋ်တို့သည် (၂၂-၁၁-၂၀၁၇)ရက်တွင် အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားဖြစ်သူ မောင်ပိုင်ရတုအား (၁၈-၁-၂၀၁၈)ရက်တွင် မွေးဖွားခဲ့ပါသည်။ လင်မယားနှစ်ဦး ပေါင်းသင်းချိန်အထိ အောက်ပါပစ္စည်းများပိုင်ဆိုင်ခဲ့ပါသည်-

- (က) HYUNDAI PORTER PICKUP (4 x 2) (L) ယာဉ်အမျိုးအစား ယာဉ်အမှတ်-(MDY) 1R/5690 ကားတစ်စီး။
- (ခ) Mitsubishi Canter FE 70 DB Truck ( 4 x 2) (R) ယာဉ်အမျိုးအစား၊ ယာဉ်အမှတ်-(MDY) 3M/ 3445 ကားတစ်စီး။
- (ဂ) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ ၊စွန်းလွန်းလမ်းတွင် ဖွင့်လှစ်ထားသော "ပစ်တိုင်းထောင်" ကြက်မွေးမြူရေးဆိုင်တစ်ဆိုင်။
- (ဃ) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြို့သာအနောက်ရွာစိမ်းလမ်းတွင် ဖွင့်လှစ်ထားသော "ရွှေမိတ်ဆွေ" (ကြက်ဖမ်း၊ ကြက်မွေး၊ ဝက်ဆေး၊ ဝက်အစားအစာ) ဆိုင်တစ်ဆိုင်။
- (င) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ငါးဖွန်လမ်းတွင်တည်ရှိသည့် ကြက်မွေးမြူရေးခြံတစ်ခြံ။
- (စ) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြို့သာဝက်လူးလမ်းတွင် တည်ရှိသည့် ကြက်အရောင်း ကြက်ခြံတစ်ခြံတို့ဖြစ်ပါသည်။

ဦးဇော်ရဲထွဋ်သည် ဒေါ်နှင်းစုဝေအား အိမ်ထောင်သက်တမ်းအတွင်း၌ ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများ ပြုလုပ်ခြင်း၊ အိမ်ထောင်ရေး ပြစ်မှုကျူးလွန်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါ။

ထို့ကြောင့် အထက်ဖော်ပြပါ လင်မယားနှစ်ဦးပိုင် ပစ္စည်းများကို ဇနီးဖြစ်သူ ဒေါ်နှင်းစုဝေ မသိဘဲ ပေါင်နှံခြင်း ၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းမှစ၍ အထက်ပါပစ္စည်း၏ ခံစားခွင့်ရှိသည့်အကျိုးထိခိုက်စေမည့် ပြုလုပ်ပြောဆိုမှုများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ရဲထွဋ်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးစုစုရည်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၈၈)**
**အမှတ်-(၁၂)၊ ရွှေနှင်းဆီလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၄၅၇၂၉၊ ၀၉- ၇၆၄၆၁၅၉၄၇**

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ဒေါ်သရဝဏ်[၆/မတန(နိုင်)၀၀၀၂၈၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင်နေထိုင်သော ဒေါ်သရဝဏ်သည် "ရွာအိမ်"ဒေသထွက်ကုန် ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းကို အမှတ်(၄၅၁)၊ ဦးမြူးလမ်း၊ ဝဲကျွန်းထိန်လယ်ရပ်၊ ထားဝယ်မြို့၌ (၅-၈-၂၀၂၁) ရက်တွင် စတင်တည်ထောင်ခဲ့ပါသည်။

The Village House Company Limited ၏ ဒေသထွက်ကုန်ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၂၂၄၃၅၇ဖြင့် မှတ်ပုံတင်သွင်းထားပြီး ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို "ရွာအိမ်" အရောင်းပြခန်း၌ဖြစ်စေ၊ အခြားသောအရောင်းပြခန်းများ၌ဖြစ်စေ၊ Online မှဖြစ်စေ ပြည်တွင်းပြည်ပတွင် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ဒေါ်သရဝဏ်ပိုင်ဆိုင်သော The Village House Company Limited ၏ "ရွာအိမ်"ဒေသထွက်ကုန်ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းနှင့်ပတ်သက်၍ **လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း သို့တည်းမဟုတ် လုပ်ငန်းစုကိုသော်လည်းကောင်း၊ ပြင်ပ၌ဖြစ်စေ၊ Social Media အား အသုံးပြု၍ဖြစ်စေ မမှန်ကန်သောအချက်အလက်များကို တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်၍ မဟုတ်မမှန်ပြောဆိုရေးသားခြင်းပြုလုပ်နေသူများနှင့် "ရွာအိမ်"ဒေသထွက်ကုန်ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း၏ အောင်မြင်မှု ဂုဏ်သတင်းကို ထိခိုက်နစ်နာစေသည့် မည်သူ့ကိုမဆို** ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တုံ့ပြန်တရားစွဲဆို အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သရဝဏ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ရုံးခန်း - ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**ရုံးဝင်းအတွင်း၊ အင်းစိန်မြို့နယ်။**
**အိမ် - အမှတ်(၉၁)၊ မင်းရဲကျော်စွာလမ်းမ**
**(၃/၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**

**ဒေါ်သီရိလှိုင်ဌေး**
**LL.B,B.A(Business Law),**
**D.L-101(WIPO),Switzerland**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၅)**
**ဖုန်း-၀၉-၂၅၆၀၁၆၀၁၆**

## ဒေါ်အစဉ်မွေး
## စီမံဘဏ္ဍာရေးမှူး(ငြိမ်း)
## နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်
## အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးအချန်-ဒေါ်သန်းညွန့်) တို့၏သမီးကြီး၊ ဒေါ်အေးအေး(ခ) ဒေါ်ညိုညို၊ ဦးသက်နိုင်-ဒေါ်ပပ တို့၏ အစ်မကြီး ဒေါ်အစဉ်မွေးသည် ၄-၂-၂၀၂၂ (သောကြာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟများ သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စံသိန်း (မောင်တော)
## လုပ်သားများကောလိပ်(ငြိမ်း)
## အသက်(၇၇)နှစ်

ရခိုင်ပြည်နယ်၊ မောင်တော(၁)ရပ်ကွက်၊ အလယ်ရွာနေ (ဦးကောင်းလှဖြူ-ဒေါ်စိန်လှဦး)တို့၏ သမီးထွေး၊ (ဦးကျော်လှ)-ဒေါ်သံဒါဖြူ၊ (ဦးမြသိန်း-ဒေါ်စောဟန်)၊ ဦးမောင်ကြီးအောင်-ဒေါ်သာအုစိန်တို့၏ ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား (၁)လမ်း၊ အမှတ်(၃၁၀)နေ [ဦးကျော်ကျော် (လက်ထောက်မန်နေဂျာ-မြန်မာ့စီးပွားရေးဘဏ်)] ၏ဇနီး၊ (ဦးဝင်းကျော်)၊ ဦးဝင်းဌေး (Director, Khin Su Htay & Associates Legal and Tax Consultant LTD )-ဒေါ်သင်းသင်းမြတ်၊ ဦးမောင်မောင်သာ 2nd Mate (F.G) - ဒေါ်အေးအေးသိန်း တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မဝင်းသီတာထက်၊ မမြတ်ဖူးငုံ၊ မောင်ဘုန်းမြတ်သာတို့၏ အဘောင်ရှင်သည် ၃-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုခင် (၈၃)နှစ်
## အထက်တန်းပြဆရာမ (ငြိမ်း)

ဒေါက်တာ သန်းထိုက် [ညွှန်/ချုပ် (ငြိမ်း)၊ အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန၊ ပါမောက္ခ(ငြိမ်း)၊ ကုန်ထုတ်ဓာတုဗေဒ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်]၏ ချစ်လှစွာသောဇနီး ဒေါ်နုနုခင်သည် ၄-၂-၂၀၂၂ ရက် နံနက် ၁၀:၄၄ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဆေးရုံမှ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ကျန်ရစ်သူ ကုန်ထုတ်ဓာတုဗေဒကျောင်းသူ/သား ဟောင်းများ**

**ဒေါ်အေးညွန့်ကြည်၊ ဒေါ်စိန်ရီ၊ ကိုတင်မောင်လှိုင်၊ ကိုသန်းမြင့်၊ ကိုသန်းရွှေ၊ ကိုရဲဆွေ၊ ကိုသောင်းညွန့်၊ ကိုမြင့်စိုး၊ ကိုသန်းစိန်၊ ကိုဌေးကြူ၊ ကိုဖေသန်း၊ မခင်စိုးညွန့်၊ မဘက်တီညွန့်၊ ကိုကျော်ဝင်း၊ မဖြူဖြူညွန့်၊ ကိုမောင်မောင်ရီ၊ ကိုထွန်းအောင်၊ ကိုခင်မောင်အေး၊ ကိုတိုးသိန်းအေး၊ ကိုအေးကို၊ ကိုကြည်စန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုခင်
## အထက်တန်းပြဆရာမ(ငြိမ်း)၊ အ.ထ.က(၅)ကမာရွတ်
## အသက်(၈၃)နှစ်

ဒေါက်တာဦးသန်းထိုက် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကထိက(ငြိမ်း)၊ ကုန်ထုတ်ဓာတုဗေဒဌာနတာဝန်ခံ၊ ရန်ကုန်တက္ကသိုလ်၊ အကြံပေး၊ Shwe Thandar International Co., Ltd . (Origano Paste & Sauce)] ၏ဇနီးဖြစ်သူ ဒေါ်နုနုခင်(အထက်တန်းပြဆရာမ-ငြိမ်း၊ အ.ထ.က-၅၊ ကမာရွတ်)သည် ၄-၂-၂၀၂၂ (သောကြာနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**BOD နှင့်ဝန်ထမ်းများ**
**Khin Maung Nyunt Group of Companies နှင့်**
**Shwe Thandar International Co., Ltd**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လသာမြို့နယ်၊ (၈)ရပ်ကွက်၊ မောင်ခိုင်လမ်း၊ အမှတ်(၁၅၂) တည်ရှိရာ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁-ဘီ၊ မြေကွက်အမှတ် II Class 18-2nd Southern 1/8၊ အမည်ပေါက်ဦးကျင်းလှိုင် [၁၂/လသန(နိုင်)၀၀၉၈၇၀]၊ မြေပိုင်မြေအားအမည်ပေါက် ဦးကျင်းလှိုင်မှာ (၂၄-၆-၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ အမည်ပေါက်၏ ဇနီးဖြစ်သူ ဒေါ်လောင်အန်ကြိုးမှာ (၉-၉-၁၉၈၉) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်၍ ၎င်းတို့၏ သမီးများဖြစ်ကြသော ဒေါ်စုစုလှိုင် [၁၂/လသန(နိုင်)၀၁၀၃၂၆]နှင့် ဒေါ်စုစုအေး [၁၂/လသန(နိုင်)၀၀၂၂၅၉] တို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိပြီး ၎င်းတို့နှစ်ဦးမှ လွှဲ၍ အခြားအမွေစားအမွေခံများ ကိုတ္တိမ သားသားမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးအဆင့်ဆင့်တွင် အမွေဆက်ခံခွင့်လျှောက်ထားခြင်းမရှိပါကြောင်း သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၆၅၅၆/၉၇ (၂၃-၂-၉၇)၊ (၄-၂-၉၇) ရက်စွဲပါ အမှုတွဲအမှတ် (လသ/ပြောင်း-၇/၉၈) မှတ်တမ်းအရ ဦးကျင်းလှိုင်[၁၂/လသန(နိုင်)၀၀၉၈၇၀] အမည်သို့ လွှဲပြောင်းခြင်းမှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဝင်းမောင်(ခ) ဦးဖိုးထောင် (ခ) တန်ကိတ်ချိုင်
## အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးကျင်ထွန်း-ဒေါ်ငွေ)တို့၏သား၊ (ဦးပု-ဒေါ်စိန်)တို့၏သားသမက်၊ အမှတ်(၉၄)၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါ်ခင်မြင့် (ခ) လင်အာအင်း၏ ခင်ပွန်း၊ ဦးခင်ဝင်း-ဒေါ်မို့မို့လှိုင် ၊ ဒေါက်တာအောင်သိန်းဌေး - (ဒေါက်တာခင်လှဝင်း)၊ ဒေါ်နီနီဝင်း၊ ဒေါက်တာသိန်းသန်းထွန်း - ဒေါ်ခင်မြဝင်း၊ ဦးကျော်ကျော်ဝင်း - ဒေါ်ဆွေဆွေသင်း၊ ဦးလှမျိုးရွှေတို့၏ မွေးသဖခင်၊ မသီရိဝင်းသန္တာ - မောင်မြတ်နိုး၊ ဒေါက်တာဆုးရည်နန္ဒာထွန်း၊ မနွေးနွေးလင်း၊ မောင်ရဲဖုန်းအောင်၊ မောင်ဘုန်းမြင့်မြတ်၊ မောင်ရဲရင့်သိုက်ထွန်း၊ မထက်နန်းအောင်၊ မောင်ရဲမင်းမြတ်၊ မောင်ကောင်းမြတ်စံတို့၏ အဘိုးသည် ၄-၂-၂၀၂၂ ရက် ညနေ ၆:၃၀ နာရီတွင် သန်လျင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၂၂ (စနေနေ့)တွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းဆွေ(ဒေါ်သန်း) မြိတ်မြို့
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၅၄)၊ (၃၆)လမ်းနေ (ဦးဟန်စွီး-ဒေါ်နှင်း) တို့၏သမီး၊ (ဦးသန်းဝင်း)- ဒေါ်ခင်သင်း၊ ဦးစိုးသန်း-ဒေါ်ခင်ခင်စိန်(၆၆၆) လက်ဖက်ခြောက် မြိတ်မြို့တို့၏ အစ်မ ဒေါ်သန်းဆွေ (မသန်း)သည် ၅-၂-၂၀၂၂ ရက် နံနက် ၅:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၇-၂-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉၇

| | | |
|---|---|---|
| ဒေါ်မွန်မြတ်အောင် | နှင့် | ဒေါ်လွှင်လွှင်အေး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈) ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၂၂၇) (ပ) ထပ်တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) ဒေါ်လွှင်လွှင်အေး သိစေရမည်။

သင့်အပေါ်တွင် တရားလိုက ငွေကျပ် ၁၁၅ သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁-ရက်၊ ၁၃၈၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆- ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် အထက်ပါ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်ကဆိုခဲ့သည့် နေ့ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄-ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှလှသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၈၂၆/ခ)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၂၆/ခ)၊ ဧရိယာ (၂၀)ပေ x (၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကြသူများဖြစ်ကြသော ဒေါ်မြမြမူ[၁၂/ကတတ(နိုင်)၀၁၄၀၄၁]နှင့် ဦးခင်မောင်ကျော် [၁၂/ကမရ(နိုင်)၀၄၂၅၇၈]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဖေခင်** | **ဒေါ်မီမီရှိန်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၈၆၈)** | **(စဉ်-၇၂၂၅)** |
| **Ph-09- 975844428** | **Ph-09- 5105371** |

**အမှတ်(၃-ဘီ)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

# သွေး သည် အ သက်

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးစထွန်းထွန်း
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ က/၄ လမ်း၊ အမှတ်(၂၂၆) နေ (ဦးဘိုကျော်စိန်-ဒေါ်စန်းမြင့်)တို့၏သား၊ (ဒေါက်တာသက်ပြင်း-နော်စူဇီဖိုး)၊ ဦးစောဥာဏ်နိုင်- ဒေါ်စိုးစိုးသောင်းတို့၏ ညီ၊ ဒေါ်တာနီနီစိန် ၏မောင်၊ ဒေါ်ဇင်ဇင်ထက်၏ချစ်လှစွာသောခင်ပွန်း၊ စသန့်ဟိန်း၊ စအိုင်ခန့်တို့၏မွေးသဖခင်၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးဖြစ်သူ ဦးစထွန်းထွန်းသည် ၅-၂-၂၀၂၂ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်းနှင့် ၆-၂-၂၀၂၂ ရက် နံနက် ၈ နာရီ၌ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၄၂ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်အမှတ်(B/20)အခန်းအမှတ်(303)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသော (၆၆၀ စတုရန်းပေ) အကျယ်အဝန်းရှိ တိုက်ခန်းအား အမည်ပေါက်ဖြစ်သော ဒေါ်ခင်ဝင်းရီထံမှ ဒေါ်အိသန္တာအောင် [၁၂/ဥကတ(နိုင်)၁၄၆၆၀၆]ကိုင်ဆောင်သူမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဦး [၁၂/လမတ(နိုင်)၀၂၆၁၀၂]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း တိုက်ခန်း၏အထောက်အထားစာရွက်စာတမ်းမူရင်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးသန္တာဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဝတ်ရည်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၅၄/ ၂၈-၁၂-၂၀၁၆)**
**Ph:09-420080524**

## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊၂၉ ရပ်ကွက်၊ အမှတ်-၂၉၈ ဟုခေါ်တွင်သည့် ဦးမျိုးဝင်းနှင့်အခြားတစ်ဦးပူးတွဲ ပိုင်ဆိုင်သည့်အိမ်မြေ၌ ကျွန်ုပ်မိတ်ဆွေမိသားစုသည် အိမ်ထောင်စုလူဦးရေ စာရင်းဖြင့်နေထိုင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးမျိုးဝင်းသည် (၂၇.၇.၂၀၂၁) ရက်နေ့ကကွယ်လွန်သွားခဲ့ပါသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းကွယ်လွန်စဉ် ကျန်ရစ်ခဲ့သည့် အမည်ပေါက် 4D/2015, 9D/6351 ယာဉ်များနှင့်အိမ်မြေတို့၏ ပူးတွဲပိုင်ဆိုင်သည့်အခွင့်အရေးသည် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ကြောင်းနှင့် ခင်ပွန်းမကွယ်လွန်မီ မူရင်းစာချုပ်၊ စာရွက်စာတမ်းများအပ်နှံခဲ့ရသူမည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ဆန္ဒသဘောတူညီချက်မပါဘဲ၊ မည်သည့်နည်းနှင့်မျှမည်သူ့ကိုမျှလွှဲပြောင်းပေးခြင်းမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးရန်နိုင်ဦး (အထက်တန်းရှေ့နေ) စဉ်- ၄၆၇၁၆
**"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း**
အမှတ်(၁၄၀)၊ ဒုတိယထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဒဂုံဆိပ်ကမ်း(၇၉)ရပ်ကွက်၊အောင်မင်္ဂလာလမ်း(၅၅၂)မြေကွက်ဝယ်မည်၊ ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၉)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၅၅၂)၊ မြေအကျယ် (အလျား ၄၀' × အနံ ၆၀') ရှိ "ဦးယောဟန်" (ISN - ၂၂၀၀၀၅)၏ ပါမစ်အမည်ပေါက်မြေကွက်ကို "ဦးယောဟန်" ထံမှ တစ်ဆင့်စာချုပ်အဆက်အစပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ "ဦးဇော်ထူးအောင်" (၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေ "ဦးကျော်လင်းသူ" (၁၃/ကတန(နိုင်)၁၁၆၅၅၇)ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်၍ "ပါမစ်(မူရင်း)နှင့်စာချုပ်အဆက်အစပ်များ" ပြသကန့်ကွက်နိုင်သည်၊ ကန့်ကွက်သူမရှိပါက "မြေကွက်အရောင်းအဝယ်" ကို အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်၊

| | | |
|---|---|---|
| ဒေါ်တ္တရာမြင့်အောင်(မောင်ကောင်းဗေ) | လွှဲအပ်ညွှန်ကြားချက်အရ | ဦးတင်မောင်မြင့်(ကြယ်နီလေး) |
| LL.B.,DML (စဉ် - ၄၉၀၈/၉၉)၊ | တရားလွှတ်တော်ရှေ့နေများ | LL.B.,DIL (စဉ် - ၇၇၀၅/၁၀) |
| FbPage အိမ်ခြံမြေစာချုပ်စာတမ်းရှေ့နေမောင်ကောင်းဗေ | | |

online တိုက်ခန်းအိမ်ခြံမြေသင်တန်းနှင့် Law Firm ☎- 09 780555924

၀၃/၁၃(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း
(MASK) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



# သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

- **မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပနှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။**
- **လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။**
- **နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။**
- **အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။**
- **နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘောဖြစ်ပါတယ်။**
- **နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

### ၂၀၂၂ ပညာသင်နှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်

စာမျက်နှာ » ၅

### မျိုးဆက်သစ်ပျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၆ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

## အီလန်ဂါ ပင်နယ်တီလွဲခဲ့ပြီးနောက် မစ်ဒယ်ဘရော့ကို ရှုံးနိမ့်ကာ အက်ဖ်အေဖလားပြိုင်ပွဲကနေ မန်ယူအသင်း ထွက်ခဲ့ရ

မန်ယူအသင်းနဲ့ မစ်ဒယ်ဘရော့အသင်းတို့ ဖေဖော်ဝါရီ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ မန်ယူအသင်းဟာ တောင်ပံကစားသမား အီလန်ဂါ ပင်နယ်တီလွဲခဲ့ပြီးနောက် မစ်ဒယ်ဘရော့အသင်းကို ရှုံးနိမ့်ခဲ့ကာ အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပထမပိုင်း ပွဲကစားချိန် ၂၅ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး ဂျာဒန်ဆန်ချို့ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ ခရွတ်ခ်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရကာ မစ်ဒယ်ဘရော့အသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီးနောက် သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍




## ၂၀၂၂ အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာရိုးရာလှေအဖွဲ့ ပြင်ဆင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာရိုးရာလှေအဖွဲ့သည် ၂၀၂၂ အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် လှေကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ် မေလတွင် ပြန်လည်ကျင်းပမည့် (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲမပါဝင်သဖြင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး/ကယက်ပြိုင်ပွဲအမျိုးအစားများအတွက်သာ ပြင်ဆင်လျက်ရှိပြီး ရိုးရာလှေအားကစားသမားများကိုမူ အာရှအားကစားပြိုင်ပွဲနှင့် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်သည်။ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳